# CONTENTS

MESSAGE FROM CHAIRMAN 2

PRESIDENT VISIT 6

VICE PRESIDENT (1) VISIT - 8
VICE PRESIDENT (2) VISIT - 9

OFFICIAL EVENTS 11

INVESTMENT PERMIT - 12
GRAND OPENING - 13

CORPORATE PROFILE 14

VISION , MISSION - 16
BOARD OF DIRECTOR - 18
EXECUTIVE DIRECTOR - 24

REPORT OF DIRECTOR 28

DIRECTOR INTEREST - 30
REMUNERATION
SHARES STATISTIC - 31

CSR 32

REVIEW OF OPERATIONS 36

PROPERTY DEVELOPMENT - 39

FINANCIAL RPPORT 42

FINACIAL STATEMENTS - 56

# 2

MESSAGE FROM
CHAIRMAN



" Our objective for developing Thilawa SEZ is to increase the national income by promoting the export of international standard industries which are highly essential for the nation's further development and to accomplish the local consumers' needs.

We are committed to work with utmost effort not only for the benefits of the investors but also to promote the livelihood of the employees and workers of the Special Economic Zone to achieve increased earnings and better livelihood. "

" သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရာတွင်
နိုင်ငံ၏ အထူးလိုအပ်ချက်ဖြစ်သော နိုင်ငံတကာအဆင့်
စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး ပို့ကုန်များ တိုးမြှင့်တင်ပို့ခြင်းဖြင့်
နိုင်ငံဝင်ငွေတိုးတက်စေရေးနှင့် ပြည်တွင်းစားသုံးသူများ၏
လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး၊

ပူးပေါင်းပါဝင် ရင်းနှီးမြှုပ်နှံသူများ အကျိုးကျေးဇူး ရရှိစေရုံသာမက
ဇုန်အတွင်း တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်း၊ လုပ်သားများ၏
ဝင်ငွေတိုးတက်၍ လူမှုဘဝမြင့်မားရေးအတွက်
အလေးထား ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည် "



# MESSAGE FROM CHAIRMAN

“

Dear Shareholders,

Myanmar Thilawa SEZ Holdings Public Limited (MTSH) has traversed a very successful year due to the strong vision of the Board of Directors, the commitment of executive directors and hard work contributed by all of its employees. Myanmar Government's continuous support for economic development has ensured and heightened the investor confidence resulting in strong land rental demand in the Thilawa Special Economic Zone development through the MTSH's subsidiary company, Myanmar Japan Thilawa Development Ltd. (MJTD) established on 10th January 2014 which implemented the development of the Thilawa SEZ through phases. Zone A was developed in different phases, comprising of 211 hectares in Phase 1, 150 hectares in Phase 2 and 35 hectares in Residential and Commercial Zone, totaling 396 hectares respectively. Phase 1 was initiated on 30th November 2013 and the development projects are proceeding accordingly. The Thilawa SEZ opening ceremony was held on 23rd September 2015 at 9 AM, and was attended by the Vice President of the Republic of the Union of Myanmar H.E. U Nyan Htun, Deputy Prime Minister and the Minister of Finance of Japan H.E. Mr. Taro Aso. Phase 2 of the development is scheduled to be completed in the middle of 2016.

On behalf of the board of directors, I would like to express our deep appreciation to the President of the Republic of the Union of Myanmar H.E. U Thein Sein for his visionary guidance. We would like to express our special thanks to the Myanmar Special Economic Zone Central Committee Chairman, Vice President U Nyan Tun for closely supervising the project under the directives of President U Thein Sein himself and Central Committee Members Union Ministers of the respective ministries, Yangon Region Chief Minister U Myint Swe, Thilawa SEZ Management Committee Chairman U Set Aung, and all the respective ministries.

With all such support, our company has reported strong profits this year, hence we were able to propose for dividend payment for the first time within 2 years after the company's establishment.

On 12th December 2014, at the ceremony of granting the investment permits to the earliest investors, the chairman of the Myanmar Special Economic Zone Central Committee, U Nyan Tun has directed that the special economic zones must be truly 'special'; hence, the soft infrastructures such as investment, commerce, technological policies and practices must be in accordance with international standards. Following this directive, excellent coordination is made by the Thilawa SEZ Management Committee, Chaired by U Set Aung and his committee members, making way for efficient, transparent and international standard approvals of investment from our customers in the Thilawa SEZ Zone A. As a result, the Thilawa SEZ Management Committee has issued investment permits to 42 companies from the total number of companies which have signed the first stage of agreement. Out of these companies, 39 have already signed the land- sub lease agreements, and 15 have begun the construction, and out of those companies, 2 have started operation.

Since our development of infrastructure meets high standards, we were able to attract interests of investors from Japan, Thailand, Myanmar, Taiwan, Singapore, Malaysia, USA, China, Sweden, Hong Kong, Australia, South Korea, and Vietnam, and 52 companies have signed the first stage of agreement, and 15 of those companies have begun the construction.

It is not easy for a developing nation to practice international standards in economy and trade. Thilawa being the first SEZ in Myanmar, needs to demonstrate such high standards and measures boldly to implement in the SEZ and only if they are successful within these zones, can they be implemented successfully in other places outside the SEZs. Therefore, the way we conduct business in the SEZ is very important for further development of our Nation. It will become a key to open the gate of our nation's economic development which will benefit our country and our people.

In the Thilawa SEZ, we have demonstrated new and improved measures such as Anti Corruption Agreement, which was signed in front of President U Thein Sein and Prime Minister of Japan, Mr. Shinzo Abe on 12 November 2014 during the Asean Summit. This "Anti Corruption Agreement" has to be followed strictly by all stakeholders within the Thilawa SEZ. This kind of new practice will become a new norm in Myanmar after successfully implementing in the Thilawa SEZ.

To further strengthen our commitment to transparency, corporate governance and corporate social responsibility (CSR), MTSH has joined the United Nations Global Compact with respect to human rights, labour, environment and anti-corruption.

Essential infrastructure developments to support the Thilawa SEZ with aid from Japan O.D.A Loan is also on track. Construction of 50 MW power plant and gas pipeline are under construction and on schedule. Road expansion works from Thanlyin Bridge to Thilawa SEZ, sea port construction and water supply pipeline construction are also expected to be carried out next year.

Both MTSH and MJTD, observing corporate social responsibility (CSR), contributed to the children in the local communities with uniforms and other items for their schoolings as well as scholarships. Moreover, donations of money, clothes, food, and other essential supplies were donated towards the flood victims throughout the country.

As promised in the last AGM, MTSH has set up aShare Registration Service Center to facilitate for share transfer and certificate registration since 1st October 2014. Since then, we have serviced 1798 transactions till the end of October 2015.
MTSH's next goal is to successfully get listed on Yangon Stock Exchange which will begin operation in December 2015. Listing on Yangon Stock Exchange will let our shareholders to have the opportunity to buy and sell their shares at prevailing market value, which in turn will allow our shareholders to truly realize the value of our shares and ensure our company to have better transparency and accountability towards our shareholders.

MTSH, this year has created another subsidiary called Thilawa Property Development Limited (TPD). MTSH and Thilawa SEZ Management Committee Company agree to participate 80% and 20% of shareholding respectively .TPD is set up to concentrate on residential and commercial infrastructure development within the Thilawa SEZ. Projects such as residential buildings, offices, shopping malls, banks and public facilities will be carried out. Infrastructure construction and building residential units for workers are in progress. Success of TPD will be the source of future benefits for our shareholders.

In addition, to further enhance our management capacity for the continuous success of our company, from Board of Directors to every level of employees, trainings and seminars have been conducted on corporate governance and corporate social responsibility. We have also plans to introduce more qualified and professional executive management teams in the coming year to maximize shareholder returns.

I would like to express my thanks to our Directors, our colleagues and our employees for their tireless efforts and contribution.

In conclusion, the Thilawa Special Economic Zone is Myanmar's first SEZ, meeting international standards, with high potential for investment and trade, and we will continue to strive forward towards ensuring that we are able to create investment opportunities and benefits for our domestic companies and the public through creating an example and a paradigm shift in the investment sector in Myanmar's economic transition and development.

လေးစားအပ်ပါသောအစုရှယ်ယာရှင်များ

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးလ်ဒင်း ပတ်ဘလစ် လီမိတက် (MTSH) သည် ဒါရိုက်တာ အဖွဲ့၏ ခိုင်မာသည့် မျှော်မှန်းချက်၊ အမှုဆောင် ဒါရိုက်တာများ၏ စွမ်းဆောင်ရည်နှင့် ဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှုတို့ကြောင့် အောင်မြင်သော နှစ်တစ်နှစ်ကို ဖြတ်သန်းခဲ့ပြီဖြစ်ပါသည်။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နှင့် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်စိတ်ချမှု တည်ဆောက်ရေးအပေါ် အလေးပေးဆောင်ရွက်မှုတို့ကြောင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည့် MTSH ၏ လက်အောက်ခံကုမ္ပဏီ ဖြစ်သော မြန်မာ-ဂျပန် သီလဝါ ဒီဗလော့မန့် လီမိတက် (MJTD) မှတဆင့် သီလဝါ အထူးစီးပွားရေးဇုန်အတွင်း မြေငှားရမ်းလိုမှု ပိုမိုများပြားလာသည်ကို တွေ့ရှိရပါသည်။ ထို့အတူ သီလဝါအထူးစီးပွားရေးဇုန်၏ ဇုန်(အေ) ကိုအဆင့်များခွဲခြားပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ပထမအဆင့်တွင် (၂၁၁) ဟက်တာ၊ ဒုတိယအဆင့်တွင် (၁၅၀) ဟက်တာနှင့် လူနေနှင့်စီးပွားရေးဇုန်တွင် (၁၅) ဟက်တာတို့ဖြင့် စုစုပေါင်း (၃၉၆) ဟက်တာ ဆောင်ရွက်ခဲ့ ပါသည်။ ပထမအဆင့်ကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး ဖွံ့ဖြိုးမှု တည်ဆောက်ရေးလုပ်ငန်းများကို အစီအစဉ်အလိုက်စနစ်တကျ ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။ သီလဝါအထူးစီးပွားရေးဇုန်၏ ဖွင့်ပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ် စက်တင်ဘာလ (၂၃) ရက်နေ့၊ နံနက် (၉း၀၀) နာရီတွင် ကျင်းပခဲ့ပြီး၊ အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယ သမ္မတ ဦးညာဏ်ထွန်း၊ ဂျပန်နိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး H.E. Mr. Taro Aso တို့မှ ကြွရောက်ချီးမြှင့်ခဲ့ပါသည်။ သီလဝါအထူးစီးပွားရေးဇုန်၏ ဒုတိယအဆင့် တည်ဆောက်မှု လုပ်ငန်းများကို ၂၀၁၆ ခုနှစ်၊ နှစ်လည်ပိုင်းတွင် ပြီးမြောက်ရန် ဆောင်ရွက်လျက်ရှိပါသည်။

သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးမှုစီမံကိန်းအား အကောင်အထည်ဖော်ရာတွင် ဂျပန်အစိုးရနှင့် ပူးပေါင်း၍ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် အမြော်အမြင်ကြီးစွာဖြင့် လမ်းညွှန်မှုပေးခဲ့သည့် နိုင်ငံတော် သမ္မတဦးသိန်းစိန်ကို အထူးကျေးဇူးတင်ရှိပါကြောင်း နှင့် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ လမ်းညွှန်မှုအပေါ် အနီးကပ်ညွှန်ကြားမှုများ ပြုလုပ်ပေးခဲ့သော မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့် ဗဟိုလုပ်ငန်းအဖွဲ့ဝင်များကိုလည်း ဒါရိုက်တာအဖွဲ့ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။
ထို့ပြင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဆက်အောင် နှင့် သက်ဆိုင်ရာဝန်ကြီးဌာန အားလုံးတို့ကိုလည်း ဒါရိုက်တာအဖွဲ့ကိုယ်စား မိမိအနေဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း အလေးအနက် ဖော်ပြအပ်ပါသည်။

ဤကဲ့သို့သောပံ့ပိုးမှုများကြောင့် မိမိတို့ကုမ္ပဏီသည် ယခုနှစ်တွင် အကျိုးအမြတ်များများစွာရရှိခဲ့ရာ ကုမ္ပဏီဖွဲ့စည်းတည်ထောင်ပြီး နှစ်နှစ်အတွင်း အစုရှယ်ယာများအပေါ်တွင် အမြတ်ခွဲဝေပေးနိုင်မည် ဖြစ်ပါသည်။

၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ကနဦးရင်းနှီးမြှုပ်နှံသူများကို လုပ်ငန်းပါမစ်များ ပေးအပ်သည့် အခမ်းအနားတွင် နိုင်ငံတော် ဒုတိယသမ္မတ ဦးညာဏ်ထွန်းမှ အထူးစီးပွားရေးဇုန်များအနေဖြင့် အမည်နာမနှင့်အညီ အမှန်တကယ် ထူးခြားမှုဖြစ်စေရန် လိုအပ်ကြောင်း ညွှန်ကြားခဲ့ပါသည်။ အဆိုပါ ညွှန်ကြားချက်နှင့်အညီ မိမိတို့၏ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် နည်းပညာဆိုင်ရာ အစရှိသော soft-infrastructure ဆိုင်ရာမူဝါဒများနှင့် ဆောင်ရွက်မှုများမှာလည်း နိုင်ငံတကာ အဆင့်မီစေရန် လိုအပ်မှာ ဖြစ်ပါသည်။ ဤလမ်းညွှန်ချက်အတိုင်း သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်နှင့် ကော်မတီဝင်တို့မှ ထိရောက်သည့် ချိတ်ဆက်ညှိနှိုင်းမှုများ ဆောင်ရွက်ပြီး နိုင်ငံတကာအဆင့်မီ၍ ပွင့်လင်း မြင်သာမှုနှင့် ထိရောက်မှုရှိသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ခွင့်ပြုချက်ပေးသည့် စနစ်တို့ကို မိမိတို့၏ သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံသူများအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ထို့ကြောင့် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ ကနဦးသဘောတူညီချက် လက်မှတ် ရေးထိုးပြီးသည့် ကုမ္ပဏီများအနက်မှ (၄၂)ခုအားရင်းနှီး မြှုပ်နှံမှုဆိုင်ရာခွင့်ပြုချက် ထုတ်ပေးနိုင်ခဲ့ပြီး အဆိုပါ ကုမ္ပဏီများမှ (၁၉) ခုမှာမြေငှားရမ်းစာချုပ် လက်မှတ်ရေးထိုးပြီးဖြစ်ပြီး၊ (၁၅) ခုမှာ ဆောက်လုပ်ရေး လုပ်ငန်းများစတင်နေပြီး၊ (၂) ခုမှာလုပ်ငန်းများ စတင်လည်ပတ်နေပြီဖြစ်ပါသည်။



မိမိတို့ အခြေခံအဆောက်အအုံများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတကာအဆင့်မီစေရန် ဆောင်ရွက် ထားရှိနိုင်မှုတို့ကြောင့် ဂျပန်၊ ထိုင်း၊ မြန်မာ၊ ထိုင်ဝမ်၊ စင်ကာပူ၊ မလေးရှား၊ အမေရိကန်ပြည်ထောင်စု၊ တရုတ်၊ ဆွီဒင်၊ ဟောင်ကောင်၊ ဩစတေးလျ၊ တောင်ကိုရီးယား၊ ဗီယက်နမ် အစရှိသည့်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူ များ၏ စိတ်ဝင်စားမှုများရရှိခဲ့ပြီး ကုမ္ပဏီ (၅၂) ခုမှာလည်း ကနဦးသဘောတူညီချက် စာချုပ်များ လက်မှတ် ရေးထိုးခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင်အဆိုပါကုမ္ပဏီများအနက်မှ (၁၅) ခုမှာ ဆောက်လုပ်ရေး လုပ်ငန်းများ စတင် ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

ဖွံ့ဖြိုးတိုးတက်ဆဲ နိုင်ငံတစ်နိုင်ငံအတွက် စီးပွားရေးနှင့်ကုန်သွယ်မှု ကဏ္ဍတို့တွင် နိုင်ငံတကာနှင့် ရင်ဘောင်တန်း နိုင်သောစနစ်များကို လက်တွေ့ကျကျ အကောင်အထည်ဖော် ကျင့်သုံးနိုင်ရန်မှာ လွယ်ကူသော ကိစ္စတစ်ခုမဟုတ်ပါ။ သို့သော် သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံ၏ ပထမဦးဆုံး အထူးစီးပွားရေးဇုန် ဖြစ်သည့်အားလျော်စွာ ဤကဲ့သို့သောစနစ်များကို ရဲဝံ့စွာအကောင်အထည်ဖော် ဆောင်ရွက်ပြီး အထူးစီးပွားရေးဇုန်အတွင်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်မှသာ အဆိုပါစံနှုန်းနှင့်စနစ်များမှာ အထူးစီးပွားရေးဇုန်ပြင်ပတွင်လည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့၏ အထူးစီးပွားရေးဇုန်အတွင်း ဆောင်ရွက်သည့် လုပ်ငန်းများ မည်သို့မည်ပုံ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အချက်မှာ မိမိတို့နိုင်ငံ၏ အနာဂါတ် ဖွံ့ဖြိုးတိုးတက်မှု အတွက်လည်း အရေးကြီးပါသည်။ သို့ဖြစ်ရာ အထူးစီးပွားရေးဇုန်သည်လည်း မိမိတို့နိုင်ငံနှင့် လူမျိုးများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဖွင့်ပေးနိုင်မည့် အဓိကကျသော ဝင်ပေါက်တစ်ခု ဖြစ်ပေသည်။

သီလဝါ အထူးစီးပွားရေးဇုန်တွင် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့၌ အာဆီယံထိပ်သီး အစည်းအဝေးတွင် နိုင်ငံတော် သမ္မတဦးသိန်းစိန် နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့ ရှေ့မှောက်တွင် လက်မှတ် ရေးထိုးခဲ့သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး သဘောတူညီချက် စာချုပ်ကဲ့သို့သော စနစ်သစ်များကို သီလဝါ အထူးစီးပွားရေးဇုန်နှင့် ဆက်နွယ်နေသည့် stakeholder အားလုံးမှ ကျင့်သုံးရန် ဖြစ်ပါသည်။ ထိုသို့ သီလဝါ အထူးစီးပွားရေးဇုန်အတွင်း အောင်မြင်စွာ အကောင်အထည်ဖော် ကျင့်သုံးမှုမှသည် မြန်မာနိုင်ငံ တစ်ဝှမ်းတွင်လည်းဆက်လက် အကောင်အထည်ဖော် ဆောင်သွားနိုင်မည် ဖြစ်ပါသည်။

မိမိတို့၏ ပွင့်လင်းမြင်သာမှု၊ Corporate Governance နှင့် CSR တို့အပေါ် ပိုမိုအလေးထား ဆောင်ရွက်နိုင်ရေးအတွက် MTSH အနေဖြင့်လည်း United Nations ၏ Global Compact တွင် ပါဝင် လက်မှတ်ရေးထိုးခဲ့ပြီး လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးတို့အပေါ် အလေးအနက်ထားစောင့်ရှောက်လျက် ရှိပါသည်။

သီလဝါအထူးစီးပွားရေးဇုန်တွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဂျပန်နိုင်ငံ၏ O.D.A ချေးငွေစနစ်ဖြင့် ၅၀ မဂ္ဂါဝပ် လျှပ်စစ်ဓါတ်အားပေး စက်ရုံတည်ဆောက်မှုကိုလည်း အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူသံလျှင်တံတားမှ သီလဝါ အထူးစီးပွားရေးဇုန်သို့ ချိတ်ဆက်သည့် လမ်း၊ ဆိပ်ကမ်းနှင့် ရေပိုက်လိုင်း တည်ဆောက်ရေးတို့ကိုလည်း လာမည့်နှစ်တွင် တည်ဆောက်ရန် ရည်ရွယ် ထားပါသည်။

MTSH နှင့် MJTD တို့သည် CSR အစီအစဉ်တစ်ရပ် အနေဖြင့် ဒေသခံကလေးသူငယ်များကို ကျောင်းဝတ်စုံ နှင့် အခြားကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးခြင်း နှင့် ပညာသင်စရိတ် ထောက်ပံ့ခြင်း တို့ကို ပြုလုပ်ပေးခဲ့ပါသည်။ ထို့အတူရေဘေးသင့်ဒေသများသို့လည်း ငွေကြေး၊ အစားအစာ နှင့် အခြား လိုအပ်သည့် ပစ္စည်းများ ထောက်ပံ့မှုများ ပြုလုပ်ဆောင်ရွက်ပေးခဲ့ပါသည်။

ယခင်နှစ်က ကျင်းပခဲ့သည့် အစည်းအဝေးတွင် ပေးထားခဲ့သော ကတိအတိုင်း MTSH သည် အစုရှယ်ယာများ မှတ်ပုံတင်ခြင်းနှင့် လွှဲပြောင်းခြင်းတို့အတွက် Share Registration Service Centre တစ်ခုကို ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်အထိ ရှယ်ယာလွှဲပြောင်းမှုနှင့် မှတ်ပုံတင်မှု စုစုပေါင်း (၁၇၉၈) ခုဆောင်ရွက် ပေးခဲ့ပါသည်။
မိမိတို့ MTSH ၏ အနာဂါတ်ရည်မှန်းချက်မှာ အစုရှယ်ယာရှင်များ၏ အကျိုးကိုရှေ့ရှု၍ ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွင့်လှစ်မည့် ရန်ကုန် Stock Exchange တွင် ပါဝင်နိုင်ရန်ဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ အစုရှယ်ယာပိုင်ရှင်များ အနေဖြင့် အစုရှယ်ယာရောင်းချလိုခြင်း၊ အစုရှယ်ယာများ ဝယ်ယူလိုခြင်းများ ဆောင်ရွက်သည့်အခါ ထိုက်တန်သောဈေးနှုန်းဖြင့် ရောင်းချ၊ ဝယ်ယူနိုင်စေမည့် အခွင့်အလမ်းများရရှိစေရန် အတွက်ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် မိမိတို့၏ အစုရှယ်ယာရှင်များအနေဖြင့် ၎င်းတို့ပိုင်ဆိုင်သည့် ရှယ်ယာများ၏ တန်ဖိုးကိုရရှိနိုင်မည် ဖြစ်သကဲ့သို့ မိမိတို့ကုမ္ပဏီအနေဖြင့်လည်း ပိုမိုပွင့်လင်းမြင်သာ၍ မိမိတို့၏အစုရှယ်ယာပိုင်ရှင်များအပေါ်၌ တာဝန်သိရှိမှုကို ပိုမို ဖြစ်ပေါ်လာစေမှာ ဖြစ်ပါသည်။

MTSH သည် ယခုနှစ်တွင် လက်အောက်ခံကုမ္ပဏီ တစ်ခုအနေဖြင့် Thilawa Property Development Limited (TPD) ကိုတည်ထောင်ခဲ့ပြီး MTSH သည် အဆိုပါ ကုမ္ပဏီတွင် ရှယ်ယာ ၈၀% နှင့် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီကုမ္ပဏီမှ ၂၀% ပါဝင်ရင်းနှီးရန် သဘောတူထားရှိပြီး ဖြစ်ပါသည်။ TPD အနေဖြင့် သီလဝါအထူးစီးပွားရေးဇုန်အတွင်း အိမ်ရာနှင့်စီးပွားရေး အခြေခံ အဆောက်အအုံ ဆောက်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်မှုကို ဦးစားပေး ဆောင်ရွက်ရန် ဖြစ်ပါသည်။ လူနေအိမ်၊ ရုံး၊ ဈေးစင်တာများ၊ ဘဏ်အဆောက်အအုံများနှင့် အခြားဝန်ဆောင်မှု အဆောက်အအုံများ တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရန် ဖြစ်ပါသည်။ အခြေခံအဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းများနှင့် လုပ်သားများ နေထိုင်ရန် အဆောက်အအုံများ ဆောက်လုပ်ရေးလုပ်ငန်းများလည်း ဆောင်ရွက်လျက် ရှိပါသည်။ TPD ၏ အောင်မြင်မှုမှာ မိမိတို့၏ အစုရှယ်ယာရှင်များအတွက် အနာဂါတ် အကျိုးရလဒ်များ ဖြစ်ထွန်းလာစေမည် ဖြစ်ပါသည်။

မိမိတို့၏ စီမံခန့်ခွဲမှု အရည်အသွေးတိုးတက်မှု နှင့် ကုမ္ပဏီ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု အတွက် မိမိတို့၏ ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းအားလုံးမှာ CSR နှင့် Corporate Governance အရည်အသွေး တိုးတက်စေရန် ဆက်လက်ဆောင်ရွက်နေပါသည်။ ထို့အတူမိမိတို့သည် မိမိတို့၏ အစုရှယ်ယာရှင်များအတွက် အမြင့်မားဆုံးသော အကျိုးအမြတ်များရရှိစေနိုင်ရန်အတွက် ကျွမ်းကျင်မှု မြင့်မားသည့် စီမံခန့်ခွဲရေးအဖွဲ့ ကိုလည်းတိုးချဲ့ဖွဲ့စည်းရန် စီမံလျက်ရှိပါသည်။

ဤစီမံကိန်းမှာ စိတ်ရောကိုယ်ပါ တာဝန်သိစွာဖြင့် ကျရာနေရာမှ ကြိုးစား လုပ်ကိုင်ဆောင်ရွက် ပေးကြသော ဒါရိုက်တာအဖွဲ့ဝင်များ၊ လုပ်ဖော်ကိုင်ဖက်များ၊ ဝန်ထမ်းများနှင့် လုပ်သားများ အားလုံးတို့ကို လည်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

နိဂုံးချုပ်အနေဖြင့် သီလဝါအထူးစီးပွားရေးဇုန်ကြီးသည် မြန်မာနိုင်ငံ၏ ပထမဆုံး နိုင်ငံတကာ အဆင့်မီ အထူးစီးပွားရေးဇုန်ဖြစ်သည်နှင့် အညီရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု မြင့်မားရေး အပြင် မြန်မာနိုင်ငံသား ပုဂ္ဂလိက လုပ်ငန်းရှင်များသာမက ပြည်သူများပါ ရင်းနှီးမြှုပ်နှံခွင့်ရရှိသည့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ကဏ္ဍတွင် စံနမူနာပြအဖြစ်၊ပါရာဒိုင်းအရွေ့ဖြစ်ပေါ်စေရန် ရည်မှန်းဆောင်ရွက်လျက် မြန်မာနိုင်ငံ၏စီးပွားရေး ရင်းနှီးမြှုပ်နှံမှု အပြောင်းအလဲ သမိုင်းတစ်ကွေ့ကို အောင်မြင်စွာ ဖြတ်သန်းနိုင်ရန် အစွမ်းကုန် ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အလေးအနက်ထား ကတိပြုတင်ပြအပ်ပါသည်။

**ဝင်းအောင်**
**ဥက္ကဋ္ဌ**

# PRESIDENT VISIT

“ အထူးစီးပွားရေးဇုန်များအကောင်အထည်ဖော်
တည်ဆောက်ခြင်းသည်
နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော
တိုင်းရင်းသားပြည်သူများ၏
အကျိုးစီးပွားကိုရှေးရှု၍
တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း ”



## နိုင်ငံတော်သမ္မတ ခရီးစဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ နှင့် တာဝန်ရှိသူများလိုက်ပါလျှက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၉)ရက်နေ့တွင် သန်လျင်၊ ကျောက်တန်းမြို့နယ်ရှိ သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(က) ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုပြီး၊ အထူးစီးပွားရေးဇုန်အတွင်း ထုတ်လုပ်မှုလုပ်ငန်းများစတင်လုပ်ကိုင်နေသည့် စက်ရုံများကို ဝင်ရောက် ကြည့်ရှု အားပေးခဲ့ပါသည်။ ၎င်းနောက် One Stop Service Centre လုပ်ငန်းဆောင်ရွက် နေမှုများကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်၊ မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် လီမိတက်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြန်မာ-ဂျပန်သီလဝါ ဒီဗလော့မန့် လီမိတက် ဥက္ကဋ္ဌ ဦးသိန်းဟန်နှင့် အမှုဆောင်အရာရှိချုပ် Mr. Takashi Yanai တို့ကသီလဝါအထူးစီးပွားရေးဇုန်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက “ဤစီမံကိန်းသည် နိုင်ငံတော်အတွက် အရေးကြီးသော စီမံကိန်းကြီးတစ်ခုဖြစ်ကြောင်း၊ ယခုလိုအထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော် တည်ဆောက်ခြင်းသည် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှု အကောင်အထည်ဖော်ခြင်း ဖြစ်ကြောင်း၊ အထူးစီးပွားရေးဇုန်အနီးပတ်ဝန်းကျင်တွင် နေထိုင်ကြသော ပြည်သူများလည်း အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိစေမှာဖြစ်ကြောင်း၊ အကျိုးအမြတ်ကို အဓိက မထားဘဲ ပြည်တွင်းပြည်ပမှရင်းနှီးမြှုပ်နှံသူများ လာရောက် ရင်းနှီးမြှုပ်နှံနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်းနှင့် ဝန်ဆောင်မှုကိုလည်း အကောင်းဆုံး ဖြစ်အောင် ဆောင်ရွက်သွား ရန်လိုကြောင်း” လမ်းညွှန်ခဲ့ပါသည်။

U THEIN SEIN, President of the Republic of the Union of Myanmar accompanied by Union Ministers, U MYINT SWE, Chief Minister of Yangon Region and Government Officials visited Thilawa Special Economic Zone on 9 October 2015.

U SET AUNG, Chairman of Thilawa SEZ Management Committee (TSMC), Vice Chairman of Central Bank of Myanmar, U WIN AUNG, Chairman of Myanmar Thilawa SEZ Holdings Public Limited (MTSH), U THEIN HAN, Chairman of Myanmar Japan Thilawa Development Limited (MJTD) and Chief Executive Officer of MJTD, Mr. TAKASHI YANAI, reported on the ongoing progress in the construction and investor information.

The President in his remark had expounded and highlighted the importance and potential of the project. By developing the Special Economic Zone like Thilawa for the country, he stressed that the project would not only benefit the development in local region but would also benefit the country economically, as a whole and at the same time creating job opportunity for the whole region. The President also admonish that while developing the Special Economic Zone, to bear in mind, not just to focus on gain in kind alone, but to provide the best service within the frame work of law, to attract investors.

# VICE PRESIDENT VISIT

## နိုင်ငံတော် ဒုတိယသမ္မတ (၁) ခရီးစဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ၂၀၁၅ခုနှစ်အောက်တိုဘာလ (၂၅)ရက်နေ့တွင် သီလဝါအထူးစီးပွားရေးဇုန်သို့ရောက်ရှိလာရာ ရှင်းလင်းဆောင်တွင် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်၊ မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် လီမိတက်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြန်မာ-ဂျပန်သီလဝါ ဒီဗလော့မန့်လီမိတက်ဥက္ကဋ္ဌ ဦးသိန်းဟန်နှင့် အမှုဆောင်အရာရှိချုပ် Mr. Takashi Yanai တို့က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယ သမ္မတဒေါက်တာစိုင်းမောက်ခမ်းက ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များကိုလမ်းညွှန်မှာကြားခဲ့ပါသည်။



**DR. SAI MAUK KHAM,** Vice President of the Republic of the Union of Myanmar accompanied by Union Ministers, U MYINT SWE, Chief Minister of Yangon Region and Government Officials visited Thilawa Special Economic Zone on 25 October, 2015.

U SET AUNG, Chairman of Thilawa SEZ Management Committee (TSMC), U WIN AUNG, Chairman of Myanmar Thilawa SEZ Holdings Public Limited (MTSH), U THEIN HAN, Chairman of Myanmar Japan Thilawa Development Limited (MJTD) and Chief Executive Officer of MJTD, Mr. TAKASHI YANAI, presented a report on progress of both construction and development of project.



## နိုင်ငံတော် ဒုတိယသမ္မတ (၂) ခရီးစဉ်

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဒုတိယ သမ္မတ ဦးညဏ်ထွန်းသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၂)ရက် မွန်းလွဲပိုင်းတွင် သီလဝါအထူးစီးပွားရေးဇုန်သို့ ရောက်ရှိလာပြီး၊ လှည့်လည်ကြည့်ရှုစစ်ဆေးရာ သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင် နှင့် တာဝန်ရှိပုဂ္ဂိုလ်များက အခြေခံအဆောက်အဦများ တည်ဆောက်နေမှု အခြေအနေနှင့် စက်ရုံများ ဆောက်လုပ်ရန် သတ်မှတ်လျာထားမှု အခြေအနေတို့အား ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက တင်ပြချက်များအပေါ် လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ပါသည်။





၂၀၁၅ ခုနှစ်မတ်လ (၂၁)ရက်နေ့တွင် နိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ သီလဝါအထူးစီးပွားရေးဇုန်ရှိ ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်လျက်ရှိသော KOYORAD Myanmar Factory Project နှင့် ဖက်စပ်ကုမ္ပဏီ MJTD Admin Office Construction Site သို့ ရောက်ရှိပြီး၊ လုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပါသည်။

နိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၉)ရက်နေ့ နံနက်ပိုင်းတွင် သီလဝါအထူးစီးပွားရေးဇုန်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင်မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်လီမိတက်ဥက္ကဋ္ဌဦးဝင်းအောင်၊ မြန်မာ-ဂျပန်သီလဝါ ဒီဗလော့မန့်လီမိတက်ဥက္ကဋ္ဌ ဦးသိန်းဟန်နှင့် အမှုဆောင်အရာရှိချုပ် Mr. Takashi Yanai တို့က လတ်တလော တိုးတက်မှုအခြေအနေများနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ သီလဝါ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်ကသဘာဝပတ်ဝန်းကျင် လေ့လာဆန်းစစ်မှု၊ လူမှုထိခိုက်ဆန်းစစ်မှုနှင့် နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုအခြေအနေများကိုလည်းကောင်းတင်ပြရာ ဒုတိယသမ္မတက တင်ပြချက်များအပေါ် ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပါသည်။

နိုင်ငံတော်ဒုတိယသမ္မတသည် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံး၌ ဖွင့်လှစ်ထားရှိသည့် One Stop Service Center (OSSC) ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ရင်းနှီးမြှုပ်နှံသူများ အဆင်ပြေစွာ လုပ်ငန်းလုပ်ကိုင်နိုင်ရန် OSSC မှ အကောင်းဆုံး ဝန်ဆောင်မှုပေးရန် နှင့် အထူးစီးပွားရေးဇုန် ဆိုသည့်အတိုင်း အထူးဖြစ်ရမည်ဟု လမ်းညွှန်မှာကြားခဲ့ပါသည်။

Vice President U NYAN TUN, Chairman of Central Working Committee for Myanmar Special Economic Zone accompanied by Union Ministers, U MYINT SWE, Chief Minister of Yangon Region and Government Officials visited the Thilawa Special Economic Zone on 12 December 2014. U SET AUNG, Chairman of Thilawa SEZ Management Committee (TSMC) reported on the ongoing progress in the construction and locator allocation process. Vice President urged all the Governing Personal to develop the Zone, featuring pleasant and attractive Environment.





Vice President U NYAN TUN accompanied by Union Ministers, U MYINT SWE, Chief Minister of Yangon Region and Government Officials came to the Thilawa Special Economic Zone on 21 March 2015.

Vice President U NYAN TUN accompanied by Union Ministers, U MYINT SWE, Chief Minister of Yangon Region and Government Officials visited MJTD Admin Office at Thilawa Special Economic Zone on 9 September 2015.

U WIN AUNG, Chairman of Myanmar Thilawa SEZ Holdings Public Limited (MTSH), U THEIN HAN, Chairman of Myanmar Japan Thilawa Development Limited (MJTD) and Chief Executive Officer of MJTD, Mr. TAKASHI YANAI, presented a report on the needs and up to date progress. The Vice President went to One Stop Service Center (OSSC) and Chairman of Thilawa SEZ Mangement Committee, U SET AUNG, updated on the service of OSSC. Vice President stressed the needs to make the area a model Economic Zone by building mutual trust with people. He advised that the policies and procedures should be in accord with international practice favorable to investors.



11

OFFICIAL
EVENTS

# PROJECT B ZONE MOU AGREEMENT AND ANTI-CORRUPTION SIGNING

Joint Venture Company, MJTD, had signed the Anti-Corruption Agreement on the same date of Myanmar Government and Japanese Government signed the MOU Agreement for Thilawa SEZ Zone B Development Project in Nay Pyi Taw on 12 November, 2014. The investors are also required to sign the agreement to ensure that they abide by the agreement which is also a firm conviction of the government policy to be free from corruptible practice such as bribery, embezzlement, irrelevant trading practice and dishonest and fraudulent conduct.

**Project B Zone နားလည်မှုစာချွန်လွှာနှင့် Anti-Corruption သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်း**

သီလဝါအထူးစီးပွားရေးဇုန်၏ Project B Zone အတွက် နှစ်နိုင်ငံအစိုးရ နားလည်မှုစာချွန်လွှာနှင့် Anti-Corruption သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၁၂) ရက်နေ့က နေပြည်တော်တွင် မြန်မာ-ဂျပန်နှစ်နိုင်ငံ နိုင်ငံတော်အကြီးအကဲများ ရှေ့မှောက်၌ နှစ်ဖက်တာဝန်ရှိသူများ လက်မှတ်ရေးထိုးခဲ့ကြပါသည်။ အဆိုပါ လက်မှတ်ရေးထိုးပွဲတွင် Thilawa SEZ Management Committee (TSMC)၊ Myanmar Thilawa SEZ Holdings Public Limited (MTSH) နှင့် MMS Thilawa Development Company Limited (MMSTD) တို့နှင့်အတူ Japan International Cooperation Agency (JICA) တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

# AWARDING CEREMONY OF THILAWA SEZ'S INVESTMENT PERMIT

The awarding ceremony of Thilawa Special Economic Zone Investment Permit was held on 12 December, 2014 in MJTD's Office at Thilawa SEZ. Vice President U Nyan Tun and high officials attended the Ceremony. Thilawa SEZ Management Committee Chairman U Set Aung presented the Investment Permit to the five locator companies.







**သီလဝါ အထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုမိန့် ပေးအပ်ခြင်း အခမ်းအနား**

သီလဝါအထူးစီးပွားရေးဇုန်အတွင်း ဆောင်ရွက်မည့် ကုမ္ပဏီများအား ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုမိန့် (Investment Permit) ပေးအပ်ခြင်းအခမ်းအနားကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၂) ရက် မွန်းလွဲပိုင်း၌ သီလဝါ အထူးစီးပွားရေးဇုန်အတွင်းရှိ MJTD ၏ ယာယီရုံးခန်း၌ ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။
အဆိုပါ အခမ်းအနားတွင် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်မှ သီလဝါ အထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ကြမည့် ကုမ္ပဏီ(၅)ခုတို့မှ တာဝန်ရှိသူများအား ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်များ ပေးအပ်ခဲ့ပါသည်။

# GRAND OPENING CEREMONY OF THILAWA SPECIAL ECONOMIC ZONE

The Grand Opening Ceremony of Thilawa Special Economic Zone was held on 23 September, 2015. State Dignitaries from Myanmar and Japan, the Vice President and Chairman of Central Working Committee of Myanmar Special Economic Zone, U NyanTun, Japanese Deputy Prime Minister and Finance Minister Mr. Taro Aso and State Minister of Ministry of Economy, Trade and Industry Mr.Yosuke Takagi attended the Ceremony. Union Ministers, Chief Minister of Yangon Region, U Myint Swe, Japanese Ambassador to Myanmar, Mr. Tateshi Higuchi and Senior Vice President of Japan International Cooperation Agency (JICA), Mr. Hideaki Domichialso also attended. Vice President U Nyan Tun spoke on the occasion and concluded proclaiming "the Special Economic Zone is the paradigm shift in the investment sector bringing Sustainable Development to the country's industrial sector without damaging the Environment. With new visions, new policies and new rules, Thilawa SEZ has opened a new chapter in the investment sector, thus creating a good investment environment for local and foreign investors."





MOU was signed among TSMC, MTSH, MMSTD and JICA on the day of Grand Opening Ceremony of Thilawa SEZ to proceed further development of Thilawa SEZ Project B Zone, pieces of land between the ranges of 500 Ha and 700 Ha which intend to set a target for the commencement not later than end of 2016.






**သီလဝါအထူးစီးပွားရေးဇုန်ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း**

သီလဝါအထူးစီးပွားရေးဇုန် ဖွင့်ပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၂၃)ရက်နေ့၊ နံနက် (၉)နာရီတွင် သီလဝါ အထူးစီးပွားရေးဇုန်၌ ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဒုတိယသမ္မတဦးညဏ်ထွန်း၊ ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာ တာရိုအာဆိုတို့ တက်ရောက်၍ ဖွင့်လှစ်ပေးကြပါသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဂျပန်နိုင်ငံစီးပွားရေး ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး မစ္စတာယိုစုကီတာကာကီနှင့် တာဝန်ရှိသူများ၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာ-ဂျပန်သီလဝါ ဒီဗလော့မန့် ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတဲရှီဟိုဂုချီနှင့် သံရုံးအဖွဲ့ဝင်များ၊ ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းရေးအေဂျင်စီ ဒုတိယဥက္ကဋ္ဌ၊ မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် လီမိတက် ဥက္ကဋ္ဌ နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ မြန်မာ-ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ၊ သီလဝါ အထူး စီးပွားရေးဇုန် အတွင်း ရင်းနှီးမြှုပ်နှံလျက်ရှိသည့် ပြည်တွင်းပြည်ပစီးပွားရေး လုပ်ငန်းရှင်များ နှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။





ဖွင့်ပွဲအခမ်းအနားတွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ် နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာ တာရိုအာစိုး၊ MMS သီလဝါ ဒီဗလော့မန့် ကုမ္ပဏီလီမိတက် ကိုယ်စား Sumitomo Corporation ၏ President and CEO Mr. Nakamura နှင့် မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် လီမိတက် ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က နှုတ်ခွန်းဆက်စကား ပြောကြားပါသည်။

သီလဝါ အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးရေး အပိုင်း(ခ) စီမံကိန်းအတွက် နားလည်မှုစာချွန်လွှာကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၂၃) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် သီလဝါ အထူးစီးပွားရေးဇုန် ဖွင့်ပွဲအခမ်းအနား၌ ရှယ်ယာရှင်များဖြစ်ကြသော သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် လီမိတက်၊ MMS သီလဝါ ဒီဗလော့မန့် လီမိတက် နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းရေး ကော်မတီတို့သည် ဂျပန်-မြန်မာ နှစ်နိုင်ငံအစိုးရ အဖွဲ့အကြီးအကဲများနှင့် တက်ရောက်လာကြသည့် ဧည့်သည်တော်များ ရှေ့မှောက်တွင် လက်မှတ် ရေးထိုးခဲ့ကြပါသည်။

# CORPORATE PROFILE

Our company was incorporated on 3 May 2013 in Myanmar under the Companies Act as a Public Limited Company in the name of Myanmar Thilawa SEZ Holdings Public Limited.

Our company was established by a Myanmar Consortium comprising the Nine Promoters for the purpose of participating in the Zone A Project which is an Industrial Park Development to be located within the Thilawa Special Economic Zone, which the Myanmar Government and the Japanese Government have agreed to cooperate to develop pursuant to the Cooperation Memorandum. The Promoters are as follows:

- First Myanmar Investment Company Limited
- Golden Land East Asia Development Limited
- Myanmar Agribusiness Public Corporation Limited
- Myanma Agricultural & General Development Public Limited
- Myanmar Edible Oil Industrial Public Corporation Limited
- Myanmar Sugar Development Public Company Limited
- Myanmar Technologies and Investment Corporation Limited
- National Development Company Group Limited
- New City Development Public Company Limited

The Zone A Project, which is a development that covers 396 hectares, is being undertaken by Myanmar Japan Thilawa Development Limited (MJTD), which is a Joint Venture company among our company, MMS Thilawa Development Company Limited (MMSTD), Thilawa Special Economic Zone Management Committee (TSMC) and Japan International Cooperation Agency (JICA). MMSTD is formed by a consortium of Japanese developers which include Marubeni Corporation, Mitsubishi Corporation and Sumitomo Corporation. Our company has entered into a joint venture agreement with them in connection with the establishment of the JV Company to undertake the development, construction, marketing, sales and operation of the Zone A project.

Certificate of Incorporation Number : 484 of 2013-2014
Certificate for Commencement of Business : 66 of 2013-2014

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်အတွင်းရှိ သီလဝါဒေသတွင် မြန်မာ၊ ဂျပန် နှစ်နိုင်ငံအစိုးရတို့ လက်တွဲပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာအရ တည်ဆောက်အကောင်အထည်ဖော်မည့် အထူးစီးပွားရေးဇုန်စီမံကိန်းကို မြန်မာ-ဂျပန်ကုမ္ပဏီများ ဖက်စပ်ကုမ္ပဏီထူထောင်၍ ပူးပေါင်းလုပ်ကိုင်ရန်အတွက် မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် လီမိတက်ကို ကနဦးတည်ထောင်သူ အများပိုင်ကုမ္ပဏီ (၉) ခုမှ စတင်တည်ထောင်ခဲ့ပြီး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားရေးမှူးဦးစီးဌာနမှ ၂၀၁၃ ခုနှစ်၊ မေလ (၃)ရက် နေ့စွဲပါ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် အမှတ် (၄၈၄)၊ ၂၀၁၃-၂၀၁၄ ဖြင့် ပေးရန်တာဝန်ကန့်သတ်ထားသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခွင့်ရရှိခဲ့ပါသည်။ ကုမ္ပဏီ၏ ခွင့်ပြုမတည်ရင်းနှီးငွေမှာ ကျပ် (၅၀၀)ဘီလီယံဖြစ်ပြီး၊ အစုရှယ်ယာတစ်စုလျှင် ကျပ်တစ်သောင်းဖြင့် အစုရှယ်ယာပေါင်း သန်း (၅၀) ခွဲ ထားပါသည်။ လုပ်ငန်းစတင်ဆောင်ရွက် ခွင့်လက်မှတ် (Certificate for Commencement ) ကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရရှိခဲ့ပြီး၊ အများပြည်သူသို့ အစုရှယ်ယာများ ကမ်းလှမ်းရောင်းချရန် လုပ်ငန်းညွှန်းတမ်း (Prospectus) ကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇)ရက်နေ့တွင် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ (၉၂) နှင့်အညီ ထုတ်ဝေခဲ့ပါသည်။ ကနဦးအစုရှယ်ယာ မတည်ငွေရင်းသည် သာမန်အစုရှယ်ယာပေါင်း (၃.၉) သန်းအတွက် တစ်စုလျှင် ကျပ်တစ်သောင်းဖြင့် ကျပ် (၃၉)ဘီလီယံ ဖြစ်ပါသည်။ မူလတည်ထောင်သူ အများနှင့်သက်ဆိုင်သော ကုမ္ပဏီ (၉)ခုက (၄၅) ရာခိုင်နှုန်းနှင့် ညီမျှသည့် အစုရှယ်ယာပေါင်း (၁.၇၅၅) သန်းအတွက် ကျပ် (၁၇.၅၅) ဘီလီယံကို ထည့်ဝင်ခဲ့ပြီး၊ အများပြည်သူသို့ (၅၅) ရာခိုင်နှုန်း နှင့်ညီမျှသည့် အစုရှယ်ယာပေါင်း (၂.၁၄၅) သန်း တန်ဖိုးအားဖြင့် ကျပ် (၂.၄၅) ဘီလီယံကို ကမ်းလှမ်းရောင်းခဲ့ပါသည်။ အဆိုပါ ကမ်းလှမ်းအစုရှယ်ယာများ ကို ခွဲဝေပြီးနောက် ကမကထပြုသူ အများနှင့်သက်ဆိုင်သောကုမ္ပဏီ (၉)ခု ဖြစ်သည့် -

- ဖတ်(စ်)မြန်မာ အင်ဗက်(စ်)မဲ့(န်) ကုမ္ပဏီလီမိတက်
- ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်
- မြန်မာ အဂရီ ဘစ္စနက် ပတ်ဘလစ်ကော်ပိုရေးရှင်း လီမိတက်
- မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင် လီမိတက် (အမ်အေဂျီဒီပီအယ်လ်)
- မြန်မာအယ်ဒီဘယ်(လ်)အွိုင်း(လ်) အင်ဒတ်စထရီရယ် ကော်ပိုရေးရှင်း (အမ်အီးအိုင်စီအို) လီမိတက်
- မြန်မာသကြားဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီ လီမိတက်
- မြန်မာနည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှု ကော်ပိုရေးရှင်း လီမိတက်
- အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအုပ်စု ကုမ္ပဏီလီမိတက်
- မြို့တော်သစ်ဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီ

တို့အပါအဝင် အစုရှယ်ယာရှင်ပေါင်း ၁၇၉၉၀ ဦး ရှိလာပြီး၊ ယခုအချိန်ထိ မြန်မာနိုင်ငံတွင် အစုရှယ်ယာရှင် အများဆုံးပါဝင်သည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီဖြစ်သည်။



# VISION, MISSION AND VALUES

**Vision:**

To invest in the development of Thilawa SEZ, Yangon Region, for all round socio and economic growth of The Republic of the Union of Myanmar and to become a regional leader attracting foreign direct investments.

**Mission:**

To create value for all - our shareholders, investors, partners, employees and communities by investing and providing reliable, sustainable business environment through the development of world class industrial and commercial infrastructure with responsible international practices and good governance ensuring long term growth.

**မျှော်မှန်းချက်**

ရန်ကုန်တိုင်းဒေသကြီး၊ သီလဝါအထူးစီးပွားရေးဇုန်မှ တစ်ဆင့် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် တစ်ဝှမ်းလူမှုဘဝဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် အခြေခံအဆောက်အအုံများပေါ်ထွန်းဖြစ်တည်လာစေရန်နှင့် ဒေသတွင်းနိုင်ငံများအတွင်း နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု အများဆုံး လက်ခံရရှိသည့် နိုင်ငံအဖြစ် ရပ်တည်နိုင်ရန်။

**ရည်မှန်းချက်**

ကျွန်ုပ်တို့၏ အစုရှယ်ယာဝင်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ဝန်ထမ်းများနှင့် ဒေသတွင်းအဖွဲ့အစည်းများအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်၊ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရန်အတွက် နိုင်ငံတကာအဆင့် တာဝန်ခံသည့် လုပ်ထုံးလုပ်နည်းများ၊ ယုံကြည်စိတ်ချကောင်းမွန်သော စီမံခန့်ခွဲမှုများနှင့် ရေရှည်တည်တံ့မည့် စီးပွားရေးအဆောက်အအုံတွင် ရင်းနှီးမြှုပ်နှံ၍ အကျိုးစီးပွားအခွင့်အလမ်းများ ဖော်ဆောင်ရန်။

### Corporate Value

**S**ustainability
(ရေရှည်တည်တံ့နိုင်ရေး)

**T**ransparency
(ပွင့်လင်းမြင်သာမှုရှိရေး)

**R**esponsibility
(တာဝန်ခံမှုရှိရေး)

**E**fficiency
(အမြင့်မားဆုံးစွမ်းဆောင်နိုင်ရေး)

**N**otable
(မှတ်ကျောက်တင်နိုင်ရေး)

**G**oal Orientated
(မဆုတ်မနစ်သည့် ရည်ရွယ်ချက်ပန်းတိုင်ရေး)

**T**raining
(လေ့ကျင့်သင်ကြားပေးရေး)

**H**ealth and safety
(ကျန်းမာရေးစောင့်ရှောက်မှု နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး)



# BOARD OF DIRECTORS



**U Win Aung**
Chairman

"

U Win Aung is the Chairman of the Board of Directors. He is one of the initiators and the lead negotiator & founder Chairman for Myanmar Private sector's involvement in the implementation of the Thilawa SEZ, jointly with the Japanese investors, to create investment opportunities for Myanmar citizens. He is also the chairman of the Golden Land East Asia Development Ltd (GLAD), which is one of the promoter the investment & general trading public company which has established a Myanmar Economic Representative Office in Nanning to promote trade and commerce cooperation between China and the ASEAN countries as well as to establish commercial and residential estate developments.

U Win Aung founded and continues as the chairman of the Dagon Group of Companies since its establishment in 1990. Since 1993, Dagon Group of Companies has successfully implemented property development projects. Dagon Group of Companies engages in wide range of businesses in residential and commercial development, hotel development, integrated agricultural development, value added food industry, logistics and distribution, automobile distribution, petroleum distribution, and in other business sectors.

U Win Aung was elected as President of UMFCCI in 2011 and continues to serve as its President. He is also one of the members of National Economic and Social Advisory Council (NESAC) & UN-ESCAP Advisory Council, Chairman of ASEAN Business Advisory Council (ABAC) (2013 to 2014) & Chairman of Greater Mekong Sub-region Business Forum (GMS-BF) (2012-2014).

ဦးဝင်းအောင်သည် ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌ ဖြစ်ပါသည်။ ဦးဝင်းအောင်သည် မူလအစ သီလဝါ အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရန်အတွက် ဂျပန်နိုင်ငံလုပ်ငန်း ရှင်များနှင့် တွဲဖက်၍ နိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုရရှိရန်နှင့် အများပြည်သူများမှ အစုရှယ်ယာထည့်ဝင်နိုင်ရန် ပုဂ္ဂလိကကဏ္ဍမှ ဦးဆောင်ညှိနှိုင်း ကမကထ ပြုခဲ့သူတစ်ဦး ဖြစ်ပါသည်။ တရုတ်နှင့် အာဆီယံ နိုင်ငံများအကြား စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် ရည်ရွယ်၍ မြန်မာစီးပွားရေး ကိုယ်စားလှယ်ရုံးအား တရုတ်နိုင်ငံ နန်နင်းမြို့တွင် ထားရှိသည့်အပြင် စီးပွားရေး အဆောက်အဦးများနှင့် အိမ်ရာဆောက်လုပ်ရေး စီမံကိန်းများကို အကောင်အထည် ဖော်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် အထွေထွေ ရောင်းဝယ်ရေး လုပ်ငန်းကို လုပ်ကိုင်လျက်ရှိသည့် Golden Land East Asia Development Ltd (GLAD) အများနှင့်သက်ဆိုင်သော ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌလည်း ဖြစ်ပါသည်။

ဦးဝင်းအောင်သည် Dagon Group of Companies ကို ၁၉၉၀ ခုနှစ်တွင် ဦးဆောင်တည်ထောင်ခဲ့ပြီး ယင်းကုမ္ပဏီ၏ ဦးဆောင်တည်ထောင်ခဲ့သူ (Founding Chairman) လည်း ဖြစ်ပါသည်။ Dagon Group of Companies သည် ၁၉၉၃ ခုနှစ်မှစ၍ အိမ်ရာစီမံကိန်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ ထို့ပြင် ဘက်စုံစီးပွားရေး အဆောက်အအုံ စီမံကိန်းများ၊ ဟိုတယ်များ၊ ဈေးဝယ်စင်တာများ၊ ဘက်စုံစိုက်ပျိုးရေးလုပ်ငန်းများ၊ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှု လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည့်အပြင် ကုန်စည်ပို့ဆောင် ဖြန့်ဖြူးရေးလုပ်ငန်း၊ စက်သုံးဆီ တင်သွင်းဖြန့်ဖြူးရေး လုပ်ငန်းများ၊ TOYOTA မော်တော်ကားများ ဖြန့်ဖြူး ရောင်းချခွင့် အပါအဝင် ဘက်စုံ စီးပွားရေးလုပ်ငန်း ဖော်ဆောင်လျက်ရှိသော ကုမ္ပဏီကြီးတစ်ခုဖြစ်ပါသည်။

ဦးဝင်းအောင်သည်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌအဖြစ် ၂၀၁၁ ခုနှစ်မှ ယနေ့တိုင် တာဝန်ယူဆောင်ရွက်လျက် ရှိပါသည်။ ပုဂ္ဂလိကကဏ္ဍ စီးပွားရေးဆိုင်ရာကိစ္စများကို နိုင်ငံတော်အစိုးရ၊ လွှတ်တော်တို့နှင့် စဉ်ဆက်မပြတ် တာဝန်ယူ ညှိနှိုင်းခဲ့ပါသည်။ အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီ မြန်မာ (NESAC) နှင့် ကုလသမဂ္ဂ အရှေ့အာရှနှင့်ပစိဖိတ်နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေး (UN-ESCAP) တို့၏ အကြံပေးကောင်စီတွင် အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး အာဆီယံစီးပွားရေး အကြံပေးကောင်စီ (ABAC) ၏ အာဆီယံ စီးပွားရေး အကြံပေးကောင်စီ အဖွဲ့ဝင်ဖြစ်ပြီး ဥက္ကဋ္ဌ တာဝန်ကို ၂၀၁၄ ခုနှစ်တွင်လည်းကောင်းနှင့် မဲခေါင်ဒေသ ၆ နိုင်ငံ၏ မဟာမဲခေါင်ဒေသခွဲ စီးပွားရေးဖိုရမ် (GMS-BF) ဥက္ကဋ္ဌတာဝန်ကို ၂၀၁၁ ခုနှစ် မှ ၂၀၁၄ ခုနှစ်ထိ လည်းကောင်း တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။



**U Thein Wai**
Vice Chairman

"

U Theim Wai @ Mr. Serge Pun is our Vice Chairman of Board of Directors. He is the executive chairman of First Myanmar Investment Co., Ltd which is one of the Promoters. Mr. Pun is a Myanmar national and the chairman of the SPA Group. He founded Serge Pun & Associates Limited in 1983 in Hong Kong which was then primarily active in real estate development and consultancy services. Mr. Pun has led many real estate investments as a general partner in real estate limited partnerships. In these partnerships, he was involved in the organization, development, promotion and management of all the projects.

SPA Group, which has over forty (40) operating companies active in including financial services (Yoma Bank Limited), real estate development, automobile service and distribution, agriculture, manufacturing, the services industry, tourism, transportation and infrastructure development.

ဦးသိမ်းဝေ (ခ) Mr. Serge Pun သည် ဒါရိုက်တာအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ဖြစ်ပါသည်။ ကမကထပြုသူများအနက် တစ်ဦးဖြစ်သည့် First Myanmar Investment ၏ အမှုဆောင်ဥက္ကဋ္ဌ ဖြစ်ပါသည်။ Mr. Pun သည် မြန်မာနိုင်ငံသား တစ်ဦးဖြစ်ပြီး၊ SPA Group ၏ ဥက္ကဋ္ဌလည်း ဖြစ်ပါသည်။

၁၉၈၃ ခုနှစ်တွင် Serge Pun & Associates Limited ကို ဟောင်ကောင်တွင် စတင်တည်ထောင်ခဲ့ပြီး၊ အိမ်ခြံမြေရင်းနှီးတည်ဆောက်ရေး လုပ်ငန်းနှင့် အတိုင်ပင်ခံလုပ်ငန်းတို့ အဓိက လုပ်ဆောင်ခဲ့ပါသည်။ Mr. Pun သည် အိမ်ခြံမြေအစုစပ်လီမိတက် လုပ်ငန်းများတွင် အထွေထွေပါတနာအနေဖြင့် အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှု အများအပြားကို ဦးဆောင်လုပ်ကိုင်ခဲ့ပြီး၊ အဆိုပါစီမံကိန်းများအား ဖွဲ့စည်းတည်ထောင်ခြင်း၊ ရင်းနှီးတည်ဆောက်ခြင်း၊ ဈေးကွက်တင်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

SPA Group သည် ကုမ္ပဏီပေါင်း (၄၀)ကျော် ပါဝင်ပြီး၊ ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်း (Yoma Bank Limited)၊ မော်တော်ယာဉ်ပြုပြင်ရေးနှင့် ဖြန့်ဖြူးရေး လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ကုန်ထုတ် လုပ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းနှင့် အခြေခံအဆောက်အအုံ ရင်းနှီးတည်ဆောက်မှု လုပ်ငန်းတို့ အပါအဝင် လုပ်ငန်းကဏ္ဍမျိုးစုံတွင် ဝင်ရောက် လုပ်ကိုင်လျက်ရှိပါသည်။



**U Khin Maung Aye**
Vice Chairman

"

U Khin Maung Aye is our Vice Chairman of Board of Director. He is the Chairman of New City Development, which is one of the Promoters and is a Public Company that is engaged in town planning and infrastructure development, with the objective of improving the living standards of rural areas and relieving the population density of major cities in Myanmar.

He established Kaytumadi Co., Ltd. in 1991. He was elected as Chairman of Board of Directors and Chief Executive Officer of CB Bank in 2004. He was also elected as Chairman of Central Co-operative Society. He is the Founder cum Chairman of Kaung Myanmar Aung Group of Companies registered in Myanmar under the Companies Act. He was elected as General Secretary of Myanmar Bankers' Association in 2005 by their representatives and has served till 2013.

He also serves as Chairman of the KMA Shipping Co., Ltd, Citizen Business Insurance Public Co., Ltd, Myanmar Microfinance Bank and Golden Myanmar Airlines Public Co., Ltd. which are associated companies of KMA. He is also the Patron of Parami Hospital which is one of the Associated Entities of KMA. He was also elected as Vice Chairman of National Economic and Social Advisory Council (NESAC). In addition to his expansive entrepreneurial duties, the Chairman is also a well-know philanthropist. He accomplishes the humanitarian work with a unique passion and innovation.

He was born in 1964. He received B.Sc (Maths) Q2 degree from the University of Yangon in 1985.

ဦးခင်မောင်အေး သည် ဒါရိုက်တာအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ တစ်ဦး ဖြစ်ပါသည်။ ကမကထပြုသူများအနက် တစ်ဦးဖြစ်သည့် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသ လူနေမှုအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မြန်မာနိုင်ငံ၏ မြို့ကြီးများတွင် မြို့ပြလူနေထူထပ်မှု အကျပ်အတည်း ကျော်လွှားနိုင်ရေး ရည်ရွယ်ချက်ဖြင့် မြို့ပြစီမံကိန်းရေးဆွဲခြင်းနှင့် အခြေခံအဆောက်အအုံတည်ဆောက်ရေး လုပ်ငန်းများကို အဓိက လုပ်ဆောင် နေသည့် New City Development Public Company Limited ၏ ဥက္ကဋ္ဌ ဖြစ်ပါသည်။

သမဝါယမဘဏ်၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်အဖြစ် ၂၀၀၄ ခုနှစ်တွင် ရွေးချယ်တင်မြှောက်ခဲ့ပါသည်။ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ မှတ်ပုံတင်ထားသော Kaung Myanmar Aung Group of Companies (KMA) အား တည်ထောင်သူဖြစ်သည့် အပြင် ဥက္ကဋ္ဌလည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံဘဏ်များ အသင်း၏ အထွေထွေအတွင်းရေးမှူးအဖြစ် ၂၀၀၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။ KMA ၏ Associated Companies များဖြစ်သည့် KMA Shipping Co., Ltd. ၊ Citizen Business Insurance Public Co., Ltd. ၊ Myanmar Microfinance Bank (MMB) နှင့် Golden Myanmar Airlines Public Co., Ltd. (GMA) တို့၏ ဥက္ကဋ္ဌအဖြစ်နှင့် ပါရမီဆေးရုံ၏ နာယကအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားစီးပွားရေးနှင့် လူမှုရေး အကြံပေးကောင်စီတွင် ဒုတိယဥက္ကဋ္ဌ အဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။ ၎င်း၏ ကျယ်ပြန့်များပြားသည့် စီးပွားရေးလုပ်ငန်း ကိစ္စများအပြင် ပရဟိတလုပ်ငန်းများကိုလည်း စိတ်အား ထက်သန်စွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

ဦးခင်မောင်အေးကို ၁၉၆၄ ခုနှစ်တွင် မွေးဖွားခဲ့ပါသည်။ B.Sc (Maths) Q2 ဒီဂရီဘွဲ့ကို ရန်ကုန်တက္ကသိုလ်မှ ၁၉၈၅ ခုနှစ် တွင် ရရှိခဲ့ပါသည်။



**U Thein Han**
Managing Director

U Thein Han is a Managing Director of our Company. He is a Chairman of Myanmar Edible Oil Industrial Public Corporation Ltd which is one of the promoters and is a public company engaged in manufacturing, importing and exporting all kinds of edible oil and oil-related products.
He is the Managing Director of Golden Horse Company Limited which was established in 1990. He is also a Director of Golden Horse Industry Company Limited, both of which are engaged in the business of manufacturing, importing, exporting and distributing oil-related products such as sesame seeds, groundnuts, Niger seeds, groundnut oil, sesame oil, and palm oil. He is also a Director of Shwe Taung Cement Company Limited and Future Energy Company Limited, both of which are part of the Shwe Taung Group. U Thein Han is a Patron of the Myanmar Edible Oil Dealers' Association, and also serves as Vice President of the UMFCCI. He also serves as a Chairman of Board of Director in our Joint Venture Company, Myanmar Japan Thilawa Development Limited.

ဦးသိန်းဟန်သည် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦး ဖြစ်ပြီး အုပ်ချုပ်မှုဒါရိုက်တာလည်း ဖြစ်ပါသည်။ ကမကထပြုသူများအနက် တစ်ဦးဖြစ်သည့် Myanmar Edible Oil Industrial Public Corporation Ltd. ၏ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဖြစ်ပါသည်။ Myanmar Edible Oil Industrial Public Corporation Ltd. သည် စားသုံးဆီ၊ ဆီနှင့် ပတ်သက်သော ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းတင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် တင်ပို့ခြင်းများ လုပ်ကိုင်သည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီဖြစ်ပါသည်။
ဦးသိန်းဟန်သည် Golden Horse Company Limited ကို ၁၉၉၀ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယင်းကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာနှင့် Golden Horse Industry Company Limited ၏ ဒါရိုက်တာလည်း ဖြစ်ပါသည်။ အဆိုပါကုမ္ပဏီများသည် စားသုံးဆီထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်းနှင့် ဖြန့်ချိခြင်းများ လုပ်ကိုင်ပါသည်။ Shwe Taung Cement Company Limited နှင့် Future Energy Limited တို့တွင်လည်း ဒါရိုက်တာအဖွဲ့ဝင်တစ်ဦး ဖြစ်ပါသည်။ ဦးသိန်းဟန်သည် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း (MEODA) ၏ နာယကဖြစ်ပြီး UMFCCI တွင်လည်း ဒုတိယ ဥက္ကဋ္ဌ အဖြစ် အသင်းအဖွဲ့တာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်နေသူ တစ်ဦးလည်း ဖြစ်ပါသည်။ မိမိတို့၏ ဖက်စပ်ကုမ္ပဏီဖြစ်သည့် မြန်မာဂျပန် သီလဝါ ဒီဗလော့မန့်လီမိတက် တွင်လည်း ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်လျက် ရှိပါသည်။



**Dr. Aung Tun Thet**
Director

Prof; Dr. Aung Tun Thet is a Director of our Company. He was appointed as an Independent Director of MTSH in November, 2014. He is currently the President's Economic Advisor and also a member of the President's National Economic and Social Advisory Council. He also serves as Vice Chariman of Myanmar Investment Commission, Advisor to the Union of Myanmar Federation of Commerce and Industries, Senior Advisor to the UN Resident Coordinator's Office in Yangon, a visiting Professor at Yangon Institute of Economics, Yangon University and National Defence College, Honorary Professor at University of British Columbia, in Vancouver, Canada and a Member of the Governing Board at the UNESO-India Mahatma Gandhi Institute of Education for Peace and Sustainable Development in New Delhi, India.
Prof; Dr. Aung Tun Thet holds a Bachelor of Commerce from Yangon University, a Post-graduate Diploma in Management Studies from University of Brighton, M.Sc. in Operations Research from University of Warwick and Ph.D. in Management Sciences from University of Marburg.

ပါမောက္ခဒေါက်တာ အောင်ထွန်းသက်သည် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် စတင်၍ လွတ်လပ်သောဒါရိုက်တာအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပါသည်။ လက်ရှိအချိန်တွင် နိုင်ငံတော် သမ္မတ၏ စီးပွားရေးအကြံပေး ပုဂ္ဂိုလ်ဖြစ်ပြီး၊ အမျိုးသားစီးပွားရေးနှင့် လူမှုရေး အကြံပေး ကောင်စီ ဒုတိယ ဥက္ကဋ္ဌ တစ်ဦးလည်းဖြစ်ပြီး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အဖွဲ့ဝင်၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များ နှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၏ အကြံပေးပုဂ္ဂိုလ်၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဌာန ညှိနှိုင်းရေးမှူး ရုံး၏ အကြီးတန်းအကြံပေးပုဂ္ဂိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်နှင့် နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ်တို့တွင် ဧည့်ပါမောက္ခ၊ ကနေဒါနိုင်ငံ၊ ဗန်ကူးဗားမြို့ရှိ University of British Columbia တွင် ဂုဏ်ထူးဆောင်ပါမောက္ခနှင့် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ UNESCO-India Mahatma Gandhi Institute of Education for Peace and Sustainable Development ၏ အုပ်ချုပ်ရေးဘုတ်အဖွဲ့ဝင် တာဝန်များအား ထမ်းဆောင်လျက်ရှိပါသည်။
ရန်ကုန်တက္ကသိုလ်မှ ဝါဏိဇ္ဇဘွဲ့၊ Brighton တက္ကသိုလ်မှ ဘွဲ့လွန် စီမံခန့်ခွဲရေး ဒီပလိုမာဘွဲ့၊ University of Warwick မှ မဟာသိပ္ပံဘွဲ့ (လုပ်ငန်း သုတေသန) နှင့် University of Marburg မှ စီမံခန့်ခွဲရေးသိပ္ပံဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့တို့ကို ရရှိထားသူ ဖြစ်ပါသည်။



**U Tin Htut Oo**
Director

U Tin Htut Oo is a Director of our Company. He was appointed as an Independent Director of MTSH in November, 2014. He is currently serving as the Economic Advisor to the President and Chairman of the National Economic and Social Advisory Council. He has worked with UN organizations as consultant and as Senior Advisor to the Special Unit on Countries with Special Needs, Office of the Executive Secretary, and UNESCAP from 2009 to 2011. He also held executive committee member positions in regional bodies such as SEARCA, CIRDAP, and ASEAN (AMAF). He is a retired Director-General of the Department of Agricultural Planning and before that held various posts in the Ministry of Agriculture and Irrigation since 1974.
He has been awarded excellent Performance in Administrative Field (First Class) in 2002. He holds a Bachelor's degree from the Institute of Agriculture, Mandalay, Myanmar and a master's degree from the Ohio State University, USA.

ဦးတင်ထွဋ်ဦး သည် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦး ဖြစ်ပါသည်။ MTSH ၏ လွတ်လပ်သော ဒါရိုက်တာ အဖြစ် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင် ခန့်အပ်ခဲ့ပါသည်။ သူသည် အမျိုးသားစီးပွားရေးနှင့် လူမှုရေး အကြံပေးကောင်စီ ဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်ပါ သည်။ ကုလသမဂ္ဂတွင် မြန်မာနိုင်ငံနှင့် အာရှ/ပစိဖိတ်ဒေသအတွင်းရှိ အခြားသော ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများအတွက် အတိုင်ပင်ခံ တစ်ဦးအဖြစ် ဆောင်ရွက် ခဲ့ပါသည်။ သူသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၏ အငြိမ်းစား ညွှန်ကြားရေးမှူးချုပ် တစ်ဦးဖြစ်သည်။
ဦးတင်ထွဋ်ဦးသည် မန္တလေးမြို့ရှိ စိုက်ပျိုးရေးတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ပြီး၊ မဟာသိပ္ပံဘွဲ့ကို အမေရိကပြည်နယ်၊ Ohio State University တို့မှ ရရှိထားသူဖြစ်ပါသည်။



**U Tun Lwin**
Director

U Tun Lwin is a Director of our Company. He serves as the chairman of Myanma Agricultural & General Development Public Limited (MAGDPL) since 2012. He has also been the Managing Director of Shwe Me` Group of companies since 1995. He is also the executive director of Myanmar Agribusiness Public Corporation (MAPCO) Limited, Myanmar Edible Oil Industrial Public Corporation (MEICO) Limited, Myanmar Citizens Bank Limited (MCB) and Vice Chairman of National Resources Development Company Limited (NRDC).
The companies that he involves operate in various areas of businesses including export of agricultural products, import of construction materials and general cargo, production of finished wood products, provision of logistics services, development at Thilawa Port Terminal and teak plantations.
At present, he is appointed as the Chairman of Myanmar Pulses, Beans & Sesame Seeds Merchants Association, the Treasurer of The Republic of the Union of Myanmar Federation of Chambers of Commerce and Industry and Myanmar-Japan Association.

ဦးထွန်းလွင် သည် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦး ဖြစ်ပါသည်။ ကမကထပြုသူအများပိုင် ကုမ္ပဏီ (၉)ခုအနက် တစ်ခုဖြစ်သည့် Myanma Agricultural & General Development Public Limited ၏ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌလည်း ဖြစ်ပါသည်။ Myanma Agricultural & General Development Public Limited သည် သီလဝါဆိပ်ကမ်းဒေသတွင် အပြည်ပြည်ဆိုင်ရာဆိပ်ခံတံတား ရင်းနှီးမြှုပ်နှံတည်ဆောက်ခြင်းကို လုပ်ကိုင်နေ သည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီတစ်ခု ဖြစ်ပါသည်။
Myanmar Agribusiness Public Corporation Limited နှင့် Myanmar Edible Oil Industrial Public Corporation Limited တို့၏ ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဖြစ်ပြီး၊ Shwe Me` ကုမ္ပဏီများအုပ်စု၏ အုပ်ချုပ်မှု ဒါရိုက်တာလည်း ဖြစ်ပါသည်။ National Resources Development Company Limited တွင် ဒုတိယဥက္ကဋ္ဌ နှင့် Myanmar Citizens Bank Limited တွင်လည်း အမှုဆောင်ဒါရိုက်တာအဖြစ် တာဝန်ယူထားပါသည်။ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ ဥက္ကဋ္ဌဖြစ်ပြီး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နှင့် မြန်မာ-ဂျပန်အသင်းတို့တွင် ဘဏ္ဍာရေးမှူးအဖြစ် တာဝန်ယူ ဆောင်ရွက်နေပါသည်။



**U Nyi Khin**
Director

“

U Nyi Khin is a Director of our Company. He is the chairman of Myanmar Sugar Development Public Company Limited, which is one of the Promoters and was jointly set up by enterprises in the sugar and sugar-related industries with the objective of developing the sugar and sugar-related industries in Myanmar. He brings with him more than twenty-five (25) years of experience in the food production industry. U Nyi Khin owns and operates three sugar factories under the “Shwe Pyi Aung” name.

ဦးညီခင် သည် ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဖြစ်ပါသည်။ ကမကထပြုသူများအနက် တစ်ဦးဖြစ်သည့် Myanmar Sugar Development Public Company Limited ၏ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ ဖြစ်ပါသည်။ Myanmar Sugar Development Public Company Limited ကို သကြားနှင့် သကြားဆိုင်ရာ လုပ်ငန်းကဏ္ဍရှိ လုပ်ငန်းရှင်များက ပူးပေါင်း တည်ထောင်ခဲ့ကြပြီး၊ မြန်မာနိုင်ငံအတွင်း သကြားနှင့် သကြားဆိုင်ရာ လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုး လာစေရန် ရည်ရွယ်၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ ဦးညီခင်သည် စားသောက်ကုန် ထုတ်လုပ်ရေးလုပ်ငန်းကဏ္ဍတွင် နှစ်ပေါင်း (၂၅) နှစ်ကျော် အတွေ့အကြုံများရှိပြီး၊ Shwe Pyi Aung အမည်ဖြင့် သကြားစက်(၃)စက်ကို ဦးဆောင် လုပ်ကိုင်လျက် ရှိပါသည်။



**Dr. Nyan Thit Hlaing**
Director

“

Dr. Nyan Thit Hlaing is a Director of our Company and Project Director for Residential and Commercial Development. He is currently co-managing director of the National Development Company Group Limited, which is one of the Promoters and is a public company engaged primarily in the business of construction, trading and general services. He also serves as an Executive Director of Myanmar Tourism Development Company which is the developer of Tada-U Hotel Zone Project near Mandalay which will become the largest hotel zone in Myanmar.
He is a Director of Proven Technology Industrial Co., Ltd. and Managing Director of Zodiac E Corridor Company Limited. He is also Secretary of the Myanmar Tourism Federation and Treasurer of Peti Foundation.

ဒေါက်တာ ဉာဏ်သစ်လှိုင် သည် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သည့်အပြင် လက်ရှိ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည့် လူနေအိမ်ရာနှင့် စီးပွားရေးဇုန်တွင်လည်း ပရောဂျက်ဒါရိုက်တာ တစ်ဦး အဖြစ်လည်း တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ကမကထပြုသူများအနက် တစ်ဦး ဖြစ်သည့် National Development Company Group Limited ၏ တွဲဖက်အုပ်ချုပ်မှု ဒါရိုက်တာဖြစ်ပါသည်။ National Development Company Group Limited သည် အဓိကအားဖြင့် ဆောက်လုပ်ရေး လုပ်ငန်း၊ ကုန်သွယ်ရေးလုပ်ငန်းနှင့် အထွေထွေ ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်သည့် အများနှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခု ဖြစ်ပါသည်။ Myanmar Tourism Development Company Limited တွင်လည်း အမှုဆောင်ဒါရိုက်တာ တစ်ဦးအဖြစ်တာဝန်ယူလျက်ရှိပြီး ၎င်းကုမ္ပဏီသည် မြန်မာနိုင်ငံ တွင် အကြီးဆုံးဖြစ်လာမည့် တံတားဦးဟိုတယ်ဇုန် ပရောဂျက်အား မန္တလေးမြို့အနီးတွင် အကောင် အထည် ဖော်လျက်ရှိပါသည်။
Proven Technology Industrial Co., Ltd. ၏ ဒါရိုက်တာတစ်ဦးဖြစ်ပြီး၊ Zodiac E Corridor Company Limited ၏ အုပ်ချုပ်မှုဒါရိုက်တာလည်း ဖြစ်ပါသည်။ Myanmar Tourism Federation တွင် အတွင်းရေးမှူးနှင့် Peti Foundation တွင် ဘဏ္ဍာရေးမှူးအဖြစ် အသင်းအဖွဲ့တာဝန်များ ဆောင်ရွက် နေပါသည်။



**U Tin Maung Hlaing**
Director

“

U Tin Maung Hlaing is a Director of our Company. He is an Executive Director of Myanmar Agribusiness, which is one of the Promoters and is a public company formed to mobilize public savings and to foster broader investment in agriculture and agro-based industries of Myanmar. He served as an Executive Director in Myanmar Automobile Development Public Company Limited that engage in manufacturing and distribution of motor vehicle. He has also been working as a Managing Director in Evergreen Autos Co., Ltd. since Company has been founded. He is also involved in the newly founded Public Company, Myanmar National Telecom Holdings Public Ltd. that will focus on helping with the development of Telecommunication Sector in Myanmar. U Tin Maung Hlaing is a director of Max Myanmar Trading Co., Ltd. He is also actively involved in Myanmar Japan Association as Central Executive Committee member. He is graduated with B.Sc. (Physic) from Yangon University in 1988. Since he has lived in Japan before he can speak fluent Japanese.

ဦးတင်မောင်လှိုင် သည် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦး ဖြစ်ပါသည်။ ကမကထပြုသူများအနက် တစ်ဦးဖြစ်သည့် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များ အသင်းချုပ်မှ အသင်းဝင်များ ဖွဲ့စည်းတည်ထောင်ထားသော အများပိုင်ကုမ္ပဏီဖြစ်သည့် Myanmar Agribusiness Public Corporation Limited တွင် အမှုဆောင်ဒါရိုက်တာ တစ်ဦးအဖြစ်လည်းကောင်း၊ မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းရှင်များအသင်းမှ အသင်းဝင်များ ဖွဲ့စည်းတည်ထောင်ထားသော Myanmar Automobile Development Public Company Limited တွင်လည်း အမှုဆောင်ဒါရိုက်တာအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ မိသားစုပိုင်စီးပွားရေး လုပ်ငန်းဖြစ်သော မော်တော်ယာဉ်တင်သွင်းရောင်းချသည့် လုပ်ငန်းလုပ်ဆောင်သည့် Evergreen Autos Co., Ltd.၏ အုပ်ချုပ်မှုဒါရိုက်တာဖြစ်ပြီး၊ မြန်မာ့ဆက်သွယ်ရေးနှင့်ပူးပေါင်းဆောင်ရွက်မည့် အများပိုင်ကုမ္ပဏီဖြစ်သော Myanmar National Telecom Holdings Public Co., Ltd. တွင် ဒါရိုက်တာ အဖြစ်လည်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ Max Myanmar Group of Company Limited တွင်လည်း ဒါရိုက်တာတစ်ဦးအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ Myanmar Japan Association တွင်လည်း ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အဖြစ် တက်ကြွစွာ တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။ ဦးတင်မောင်လှိုင်သည် ၁၉၈၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ရူပဗေဒ အထူးပြု သိပ္ပံဘွဲ့ရရှိခဲ့ပါသည်။



**U Aung Soe Tha**
Director

“

U Aung Soe Tha is a Director of our Company. He is a Director of Myanmar Technologies and Investment Corporation Limited, which is one of the Promoters and is a public company established to invest and become a leading player in the info-communications and telecommunications and telecommunications-related fields in Myanmar.
He is a Director of our JV Company, Myanmar Japan Thilawa Development Limited. He is also performing as a Director in Myanmar Information Technology Pte Ltd. since 2002. He is the Chairman of Myanmar ComBiz Group, one of the fastest growing Company in Myanmar which is engaged in the business of trading products in the information communications and technology sector, trading in the agricultural sector, and trading of petroleum products and a variety of commodities. The Myanmar ComBiz Group is also involved in the services sector and, in particular, in the travel and tourism industry.
Being Young and Active Entrepreneur, he is actively serving many areas of associations. Among them, he is taking role as a Central Executive Committee Member in Republic of the Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI), Vice President at Myanmar Young Entrepreneurs Association (MYEA), Vice Chairman in Myanmar Computer Industries Association (MCIA).

ဦးအောင်စိုးသာသည် ဒါရိုက်တာ အဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ ထို့ပြင် မိမိတို့၏ဖက်စပ် ကုမ္ပဏီဖြစ်သော မြန်မာဂျပန်သီလဝါ ဒီဗလော့မန့် လီမိတက်တွင်လည်း ဒါရိုက်တာအဖွဲ့ဝင်အဖြစ် တာဝန်ယူဆောင်ရွက်လျက် ရှိပါသည်။ မြန်မာ့နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှု ကော်ပိုရေးရှင်း လီမိတက်တွင် ကနဦးတည်ထောင်သူ Board of Director တစ်ဦးဖြစ်ပြီး လက်ရှိတွင် CEO ရာထူးကိုလည်း တာဝန်ယူထားသူ တစ်ဦးဖြစ်ပါသည်။ ၂၀၀၂ ခုနှစ်တွင် Myanmar Information Technology Pte Ltd တွင် Director အဖြစ်စတင်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့နောက် ၂၀၀၅ခုနှစ်တွင် မြန်မာ့စီးပွားဆက်လုပ်ငန်းစုကို စတင်တည်ထောင်ကာ ဥက္ကဋ္ဌ အဖြစ်တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့စီးပွားဆက်လုပ်ငန်းစုသည် အိမ်ခြံမြေ ဆောက်လုပ်ရေး လုပ်ငန်းများ၊ သတင်းအချက်အလက်နည်းပညာဆိုင်ရာ လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်၍ လုပ်ငန်းဆောင်ရွက်နေသော လုပ်ငန်းစုလည်း ဖြစ်ပါသည်။
ထို့ပြင် မြန်မာနိုင်ငံ၏ အသင်းအဖွဲ့များဖြစ်သော UMFCCI တွင် CEC, မြန်မာနိုင်ငံ လူငယ် စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်းတွင် ဒုတိယဥက္ကဋ္ဌ စသည်ဖြင့် စီးပွားရေး အသင်းကြီးများတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားလျက်ရှိပါသည်။



**U Tun Tun**
CFO

**U Tun Tun** is the Chief Financial Officer of our Company.

U Tun Tun is an executive director and chief financial officer of the SPA Group and First Myanmar Investment (one of our Promoters). He joined the SPA Group in late 1998, and developed his career within the SPA Group, where he assumed many different positions which gave him exposure and experience in many areas, including corporate finance, share registration, company secretarial practice, legal, corporate governance, information technology, property development, estate management, valuation, mergers and acquisitions, business development, and stock exchange listing work. He graduated in 1998 from, and currently holds an associate membership in, the Institute of Chartered Secretaries and Administrators (United Kingdom).

ဦးထွန်းထွန်း သည် ကုမ္ပဏီ၏ ဘဏ္ဍာရေးအရာရှိချုပ် ဖြစ်ပါသည်။

ဦးထွန်းထွန်း သည် ကမကထပြုသူများအနက် တစ်ဦးဖြစ်သည့် First Myanmar Investment ၏ အမှုဆောင်ဒါရိုက်တာတစ်ဦးဖြစ်ပြီး၊ SPA Group ၏ ဘဏ္ဍာရေးအရာရှိချုပ်လည်း ဖြစ်ပါသည်။ SPA Group သို့ ၁၉၉၈ ခုနှစ်နှောင်းပိုင်းတွင် ဝင်ရောက်ခဲ့ပြီး၊ အတွေ့အကြုံကောင်းများစွာ ရရှိခဲ့ပါသည်။ လုပ်ငန်းနယ်ပယ် များစွာတွင်လည်း ရာထူးတာဝန် အမျိုးမျိုးဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ အထူးသဖြင့် ကော်ပိုရေးရှင်း ဆိုင်ရာ ဘဏ္ဍာရေး၊ အစုရှယ်ယာမှတ်ပုံတင်ခြင်း၊ ကုမ္ပဏီအတွင်းရေးမှူး လုပ်ငန်းများဆောင်ရွက်ပုံ၊ ဥပဒေ ရေးရာ၊ ကော်ပိုရေးရှင်း စီမံအုပ်ချုပ်ပုံ၊ သတင်းအချက်အလက် နည်းပညာ၊ အိမ်ခြံမြေရင်းနှီးတည်ဆောက် ခြင်း၊ အိမ်ခြံမြေစီမံခန့်ခွဲခြင်း၊ ရာဖြတ်ခြင်း၊ ကုမ္ပဏီအချင်းချင်းပူးပေါင်းခြင်း၊ စီးပွားရေးအခွင့်အလမ်းများဖော်ဆောင်ခြင်းနှင့်စတော့အိပ်ချိန်းတွင် အစုရှယ်ယာ တင်သွင်းခြင်း တို့ပါဝင်ပါသည်။ ဦးထွန်းထွန်းသည် ၁၉၉၈ ခုနှစ်တွင် Institute of Chartered Secretaries & Administartors (United Kindom) မှ ဘွဲ့ရရှိခဲ့ပြီး၊ လက်ရှိအချိန်တွင် ထိုအဖွဲ့အစည်းတွင် Associate Member တစ်ဦးလည်း ဖြစ်ပါသည်။



**U Thurane Aung**
Project Director

U Thurane Aung is the Project Director of our Company.

U Thurane Aung has more than ten (10) years of working experience in the Dagon Group, which is one of the leading conglomerates in Myanmar with diversified businesses in sectors that include property development and construction, hospitality, timber, agriculture, commodity trading, plantation, retail and distribution, petroleum, automobile and food processing.

His primary responsibility is planning and implementation in real estate project including town planning, commercial & residential developments. His 10 years experience in property development sector also gives him a greater understanding of project management & project implementation. He is also responsible for the business strategies and expansion plans for the Dagon Group, and specializes in identifying new business areas for the Dagon Group to expand into. He actively leads and works on feasibility studies on the Dagon Group's expansion into new industries in Myanmar through the establishment of new business, privatizations and acquisitions. He holds a Bachelor of Arts (Honours) in Business Information Management and Finance, which he obtained from the University of Westminster (UK) in 2004.

ဦးသူရိန်အောင် သည် ကုမ္ပဏီ၏ စီမံကိန်းဒါရိုက်တာဖြစ်ပါသည်။

ဦးသူရိန်အောင်သည် Dagon Group ၏ အိမ်ရာစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၊ သစ်လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ကုန်စည်အရောင်းအဝယ်လုပ်ငန်း၊ လက်လီအရောင်းနှင့် ဖြန့်ဖြူးရေးလုပ်ငန်း၊ စက်သုံးဆီလုပ်ငန်း၊ မော်တော်ယာဉ် လုပ်ငန်းနှင့် စားသောက်ကုန် လုပ်ငန်းများစသည်တို့တွင် (၁၀)နှစ် အတွေ့အကြုံရှိသူတစ်ဦးဖြစ်ပါသည်။

ဦးသူရိန်အောင် အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိသော အပိုင်းများမှာ မြို့ပြအိမ်ရာ တည်ဆောက်ရေးလုပ်ငန်း၊ လူနေအိမ်ရာ နှင့် စီးပွားရေးဆိုင်ရာ တည်ဆောက်ရေးစီမံကိန်း တို့ပါဝင်ပြီး ဆောက်လုပ်ရေးလုပ်ငန်း၌ အတွေ့အကြုံများစွာရှိ၍ အိမ်ယာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ခြင်းနှင့် စီမံဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

ဦးသူရိန်အောင်သည် Dagon Group ၏ လုပ်ငန်းဆိုင်ရာ မဟာဗျူဟာ နှင့်တိုးချဲ့ရေး စီမံကိန်းများကို တာဝန်ယူပြီး၊ Dagon Group တိုးချဲ့လုပ်ကိုင်မည့် စီးပွားရေးနယ်ပယ်သစ်များ ဖော်ထုတ်သတ်မှတ်ရာတွင် အဓိကတာဝန်ယူ ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံအတွင်း Dagon Group မှ လုပ် ငန်းသစ်များ တည်ထောင်ခြင်း၊ ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲခြင်းနှင့် ဝယ်ယူခြင်းတို့အား တိုးချဲ့လုပ်ကိုင် မည့် လုပ်ငန်းကဏ္ဍအသစ်များ၏ ဖြစ်နိုင်ခြေ လေ့လာချက်များကို တက်ကြွစွာ ဦးဆောင်လုပ်ကိုင်လျက် ရှိပါ သည်။ ဦးသူရိန်အောင်သည် Business Information Management and Finance ဘာသာရပ်ဆိုင်ရာ Bachelor of Arts (Honours) ဘွဲ့ကို University of Westminister တက္ကသိုလ်(UK)မှ ၂၀၀၄ ခုနှစ်တွင် ရရှိခဲ့ပါသည်။



**U Aye Win**
Admin Director

**U Aye Win** is the Administrative and Human Resource Director of our Company.

U Aye Win has, since 2012, been the Managing Director of Myanmar Edible Oil, one of our Promoters which is a public company engaged in manufacturing, importing and exporting all kinds of edible oil and oil-related products. He is concurrently the managing director of Thuriya Win Company Limited, which is engaged primarily in the food processing, distribution, agribusiness and plantation business. He is also a Director of Myanmar Industry Alliance Public Limited which engage mainly in industrial development, energy production and telecommunication service. He is a central executive committee member of the UMFCCI, and central executive committee member of the Myanmar Industries Association also holds the general secretary of the Myanmar Food Processors and Exporters Association. U Aye Win graduated with a Bachelor of Commerce from the Yangon Institute of Economics in 1992.

ဦးအေးဝင်း သည် ကုမ္ပဏီ၏ အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ် စီမံခန့်ခွဲရေး ဒါရိုက်တာဖြစ်ပါသည်။

ဦးအေးဝင်းသည် ကမကထပြုသူများအနက် တစ်ဦးဖြစ်သည့် Myanmar Edible Oil Industrial Public Corporation Ltd. (MEICO) တွင် ၂၀၁၂ ခုနှစ်မှစတင်၍ အုပ်ချုပ်မှုဒါရိုက်တာအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ MEICO သည် စားသုံးဆီနှင့် ဆီထွက်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်းများ လုပ်ကိုင်နေသော အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ဦးအေးဝင်းသည် စိုက်ပျိုးရေးလုပ်ငန်း၊ စားသောက်ကုန်ထုတ်လုပ်ခြင်းနှင့် ဈေးကွက်ဖြန့်ချီရေးလုပ်ငန်းများကို အဓိက ဆောင်ရွက်လုပ်ကိုင်နေသော Thuriya Win Co.,Ltd. ၏ အုပ်ချုပ်မှုဒါရိုက်တာဖြစ်သည့်အပြင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီတစ်ခု ဖြစ်သည့် Myanmar Industry Alliance Public Limited တွင်လည်း ဒါရိုက်တာအဖွဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) နှင့် Myanmar Industrial Association တို့တွင် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်နှင့် Myanmar Food Processors and Exporters Association တွင် အထွေထွေ အတွင်းရေးမှူးအဖြစ် တက်ကြွစွာ တာဝန်ယူ လုပ်ကိုင်လျက်ရှိပါသည်။ ဦးအေးဝင်းသည် ၁၉၉၂ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ (Bachelor of Commerce) ဘွဲ့ကို ရရှိခဲ့ပါ သည်။



**U Myint Zaw**
Marketing Director

**U Myint Zaw** is the Sales and Marketing Director of our Company.

U Myint Zaw has joined Myanma Agriculture and General Development Public Ltd (MAGDPL) as a director since the company was founded in 2012. He has an experience of managing in import and export business for 20 years. He has been working as a Director of Lim Family Co., Ltd. since 1996. He has been appointed as a Managing Director in Aung Si Linn International (Trading House) and Mahar Shwe Yadanar Myay Co. Ltd. which dealing with importing of Palm Oils and Wholesales Distributors. In 2006, he has become a Director of Proven Technology Industry Co., Ltd which engage in the business of manufacturing Car and Motorcycle batteries, Yangon Metal Industry Ltd., which involve in the business of Lead smelting plant, Myanmar Poly World Ltd., main business is Plastic injection business and Green Myanmar Group Limited is developer of the condominium and real estate. He graduated with B. Sc. (Chemistry) from Yangon University and received the Master Degree in Business Administration (MBA) from University of Thai Chamber of Commerce in 2014.

ဦးမြင့်ဇော် သည် ဈေးကွက်ရှာဖွေရေး အရာရှိချုပ် ဖြစ်ပါသည်။

ဦးမြင့်ဇော်သည် ဒါရိုက်တာအဖွဲ့ဝင် ကိုယ်စားလှယ်တစ်ဦး ဖြစ်ပါသည်။ ကမကထပြုသူများအနက် တစ်ဦးဖြစ်သည့် Myanma Agriculture and General Development Public Ltd. ၏ ဒါရိုက်တာတစ်ဦး ဖြစ်ပါသည်။ သွင်းကုန်ထုတ်ကုန်လုပ်ငန်းတွင် (၁၈)နှစ် အတွေ့အကြုံရှိသူတစ်ဦးဖြစ်ပါသည်။ Lim Family Co., Ltd တွင် ဒါရိုက်တာရာထူးဖြင့် ၁၉၉၆ ခုနှစ်တွင် စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး၊ လက်ရှိတွင် ကောက်ပဲသီးနှံမျိုးစုံ၊ နှင့် လယ်ယာထွက်ကုန်ပစ္စည်းများ နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်းလုပ်ငန်း နှင့် စားအုန်းဆီ တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်း လုပ်ငန်းများ လုပ်ဆောင်သော အောင်စည်လင်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် နှင့် မဟာရွှေရတနာမြေ ကုမ္ပဏီလီမိတက် တွင် မန်နေဂျင်းဒါရိုက်တာ ရာထူးဖြင့် တာဝန်ထမ်းဆောင်နေပါသည်။ ၂၀၀၆ ခုနှစ်တွင် မော်တော်ကားနှင့် မော်တော်ဆိုင်ကယ် ဘက်ထရီမျိုးစုံ ထုတ်လုပ်ရောင်းချသော Proven Technology Industry Co., Ltd. ခဲသန့်စင်လုပ်ငန်း လုပ်ကိုင်နေသော Yangon Metal Industry Ltd., Plastic Injection လုပ်ငန်းမျိုးစုံ လုပ်ကိုင်နေသော Myanmar Poly World Ltd. နှင့် Condominium တည်ဆောက်ခြင်းလုပ်ငန်း နှင့် Property Development လုပ်ငန်းများ လုပ်ကိုင်နေသော Green Myanmar Group Ltd. တို့တွင် ဒါရိုက်တာအဖြစ် တာဝန်ယူ ဆောင်ရွက်လျက် ရှိပါသည်။ ဦးမြင့်ဇော်သည် ရန်ကုန်တက္ကသိုလ်မှ B.Sc. (Chemistry) ဘွဲ့ရရှိပြီး၊ Master of Business Administration (MBA) ဘွဲ့ကို University of Thai Chamber of Commerce မှ ၂၀၁၄ ခုနှစ်တွင် ရရှိခဲ့ ပါသည်။

# BOARD COMMITTEE

Our Board has established three (3) committees: (a) Audit Committee, (b) Nomination Committee, and (c) Remuneration Committee.

**Audit Committee**

The Audit Committee comprises Dr. Aung Tun Thet, U Khin Maung Aye , U Thein Han @ Ko Han Thein and U Tun Lwin. The Chairman of the Audit Committee is Dr. Aung Tun Thet, an Independent Director of the company.

Our Audit Committee will assist our Board in discharging their responsibility to safeguard our assets, maintain adequate accounting records and develop and maintain effective systems of internal control, with the overall objective of ensuring that our management creates and maintains an effective control environment in our Company.

Our Audit Committee will provide a channel of communication between our Board, our management and our external auditors on matters relating to audit.

**Nomination Committee**

Our Nomination Committee comprises U Tin Maung Hlaing, Dr. Nyan Thit Hlaing and U Nyi Khin. The Chairman of the Nomination Committee is U Tin Maung Hlaing. The Board currently intends that the Chairman of the Nomination Committee will be an independent Director. It is contemplated that one of three (3) independent Directors to be appointed in due course will also be appointed as Chairman of the Nomination Committee.

Our Nomination Committee is responsible for (a) re-nomination of our Directors having regard to a Director's contribution and performance, (b) determining annually whether or not a Director is independent, and (c) deciding whether or not a Director is able to and has been adequately carrying out his duties as a Director.

The Nomination Committee decides how the Board's performance is to be evaluated and proposes objective performance criteria, subject to the approval of the Board, which address how the Board has enhanced long-term Shareholders' value. The Board intends to implement a process to be carried out by the Nomination Committee for assessing the effectiveness of the Board as a whole and for assessing the contribution by each individual Director to the effectiveness of the Board. Each member of the Nomination Committee is required to abstain from voting on any resolutions and making any recommendations and/or participating in any deliberations of the Nomination Committee in respect of the assessment of his performance or re-nomination as Director.

**Remuneration Committee**

Our Remuneration Committee comprises U Tin Htut Oo, U Win Aung , U Theim Wai @ Mr. Serge Pun and U Aung Soe Tha. The Chairman of the Remuneration Committee is U Tin Htut Oo and he is an Independent Director of the company.

Our Remuneration Committee is responsible for recommending to our Board a framework of remuneration for our Directors and key executive, and determining specific remuneration packages for each Director and key executives. The recommendations of our Remuneration Committee are submitted for endorsement by the entire Board. All aspects of remuneration, including but not limited to Directors' fees, salaries, allowances, bonuses, options and benefits in kind shall be covered by our Remuneration Committee. Each member of the Remuneration Committee is required to abstain from voting on any resolutions and making recommendations and/or participating in any deliberations of the Remuneration Committee in respect of his remuneration package.

**ကော်မတီများ**

ဒါရိုက်တာအဖွဲ့အနေဖြင့် စာရင်းစစ်ကော်မတီ၊ အမည်တင်သွင်းရေး ကော်မတီနှင့် အခကြေးငွေကော်မတီစသည့် ကော်မတီ(၃)ရပ်ကို ထူထောင်ထားပါသည်။ စာရင်းစစ်ကော်မတီအမည်တင်သွင်းရေးကော်မတီ နှစ်ရပ်တွင် ဥက္ကဋ္ဌအဖြစ် လွတ်လပ်သော ဒါရိုက်တာ (၂)ဦးကို တာဝန်ပေးအပ်ခန့်ထားနိုင်ခဲ့ပါသည်။

**စာရင်းစစ်ကော်မတီ**

စာရင်းစစ်ကော်မတီတွင် Dr. အောင်ထွန်းသက်၊ ဦးခင်မောင်အေး၊ ဦးသိန်းဟာန် နှင့် ဦးထွန်းလွင်တို့ပါဝင် ကြပြီး၊ ကော်မတီ၏ ဥက္ကဋ္ဌသည် Dr. အောင်ထွန်းသက်ဖြစ်ပါသည်။ Dr. အောင်ထွန်းသက်သည် လွတ်လပ်သော ဒါရိုက်တာ (Independent Director) တစ်ဦးဖြစ်ပါသည်။

ကုမ္ပဏီ၏ စီမံအုပ်ချုပ်သူများကကုမ္ပဏီအတွင်း ထိရောက်မှုရှိသော ထိန်းချုပ်ကွပ်ကဲရေး ပတ်ဝန်းကျင်အခြေအနေကို တည်ဆောက်ကာ ထိန်းသိမ်းထားရှိမှု သေချာစေရန်အတွက် ဤကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအား ကာကွယ်စောင့်ရှောက်ရေး၊ လုံလောက်သည့် စာရင်းများထားရှိ ထိန်းသိမ်းရေးနှင့် ကုမ္ပဏီတွင်း ထိန်းချုပ် ကွပ်ကဲရေးအတွက် ထိရောက်သော စနစ်များ ဖော်ထုတ်ထိန်းသိမ်းရေး ဟူသောဒါရိုက်တာအဖွဲ့၏ တာဝန်များကို ကုမ္ပဏီ၏ စာရင်းစစ်ကော်မတီက အထောက်အကူပြုမည် ဖြစ်ပါသည်။

စာရင်းစစ်ဆိုင်ရာကိစ္စများ အလို့ငှာ ဒါရိုက်တာအဖွဲ့၊ စီမံအုပ်ချုပ်သူများနှင့် ပြင်ပစာရင်းစစ်သူတို့အကြား ဆက်သွယ်ရေး လမ်းကြောင်းအဖြစ် စာရင်းစစ်ကော်မတီက ဆောင်ရွက်မည်ဖြစ်ပါသည်။

**အမည်တင်သွင်းရေးကော်မတီ**

အမည်တင်သွင်းရေးကော်မတီတွင် ဦးတင်မောင်လှိုင်၊ ဒေါက်တာ ဉာဏ်သစ်လှိုင် နှင့် ဦးညီခင်တို့ ပါဝင်ကြပြီး၊ ဥက္ကဋ္ဌမှာ ဦးတင်မောင်လှိုင်ဖြစ်ပါသည်။ ဒါရိုက်တာအဖွဲ့မှ ရည်ရွယ်ထားသည်မှာ ကော်မတီ၏ ဥက္ကဋ္ဌမှာ လွတ်လပ်သော ဒါရိုက်တာတစ်ဦးဖြစ်ရပါမည်။

အမည်တင်သွင်းရေးကော်မတီသည်ဒါရိုက်တာအဖွဲ့၏စွမ်းဆောင်ရည်အား မည်သို့အကဲဖြတ်သုံးသပ်ရမည်ကို ဆုံးဖြတ်မည်ဖြစ်ပြီး၊ ထိုသို့ဆောင်ရွက်ရာတွင် ဒါရိုက်တာအဖွဲ့အနေဖြင့် အစုရှယ်ယာရှင်များ၏ ရေရှည်အကျိုးစီးပွားအား မည်မျှစွမ်းဆောင်ပေးနိုင်ခဲ့သည်ကို စဉ်းစားဆုံးဖြတ်နိုင်ရန် အခြေခံကျမည့် အကဲဖြတ်ရန် အချက်အလက်များကို အဆိုပြုတင်ပြမည်ဖြစ်ပါသည်။ အဆိုပါအချက်များကို ဒါရိုက်တာအဖွဲ့က လက်ခံအတည်ပြုလျှင် အမည်တင်သွင်းရေးကော်မတီက ဒါရိုက်တာအဖွဲ့တစ်ဖွဲ့လုံး အနေဖြင့် ထိရောက်မှုကိုလည်းကောင်း၊ ဒါရိုက်တာတစ်ဦးချင်းစီက ဒါရိုက်တာအဖွဲ့တစ်ဖွဲ့လုံး၏ ထိရောက်မှု အလို့ငှာပါဝင် ဆောင်ရွက်နိုင်မှုကိုလည်းကောင်း၊ အကဲဖြတ်သုံးသပ်ရာတွင် ကျင့်သုံးရမည့်လုပ်ငန်းစဉ်ကို သတ်မှတ်မည် ဖြစ်ပါသည်။

**အခကြေးငွေကော်မတီ**

အခကြေးငွေကော်မတီတွင် ဦးတင်ထွဋ်ဦး၊ ဦးဝင်းအောင်၊ ဦးသိမ်းဝေ (ခ) Mr. Serge Pun နှင့် ဦးအောင်စိုးသာတို့ ပါဝင်ကြပြီး၊ ကော်မတီ၏ဥက္ကဋ္ဌသည် ဦးတင်ထွဋ်ဦးဖြစ်ပါသည်။ ဦးတင်ထွဋ်ဦးသည် လွတ်လပ်သော ဒါရိုက်တာ (Independent Director) တစ်ဦးဖြစ်ပါသည်။

အခကြေးငွေ ကော်မတီသည် ဒါရိုက်တာများနှင့် အရေးပါသော အမှုဆောင် ဒါရိုက်တာများအတွက် အခကြေးငွေဆိုင်ရာ မူဘောင်တစ်ရပ်အား ဒါရိုက်တာအဖွဲ့သို့ အကြံပြုတင်ပြရန်လည်းကောင်း၊ ဒါရိုက်တာ တစ်ဦးချင်းစီ နှင့် အရေးပါသောအမှုဆောင်များအတွက် အခကြေးငွေ အတိအကျတို့အား သတ်မှတ်ပေးရန် တာဝန်ရှိပါသည်။ အခကြေးငွေကော်မတီမှ အကြံပြုတင်ပြချက်အပေါ် ဒါရိုက်တာအဖွဲ့တစ်ခုလုံး၏ အတည်ပြုချက် လိုအပ်ပါသည်။ ဒါရိုက်တာကြေး၊ လစာ၊ ခွင့်ပြုစရိတ်၊ ဆုကြေး၊ (ကြိုတင်သတ်မှတ်ဈေးဖြင့် စတော့ရှယ်ယာ ဝယ်/ရောင်းရန်) ရွေးချယ်ပိုင်ခွင့်နှင့် ပစ္စည်းအားဖြင့် အကျိုးခံစားခွင့်အပါအဝင်နှင့် အခကြေးငွေဆိုင်ရာ ရှုထောင့်အားလုံးကို အခကြေးငွေကော်မတီက ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။

# REPORT OF DIRECTORS

### Board Meeting

After the AGM, there was one board meeting in 2014 and staggering seven meetings in 2015 till date.

### ဒါရိုက်တာအဖွဲ့၏ အစည်းအဝေး ကျင်းပနိုင်မှု အခြေအနေ

ဒါရိုက်တာအဖွဲ့အနေဖြင့် အစီရင်ခံ တင်ပြသည့် ကာလအတွင်း ၂၀၁၄ ခုနှစ်တွင် ဒါရိုက်တာ အစည်းအဝေး (၁)ကြိမ်၊ ၂၀၁၅ ခုနှစ် နှစ်စမှ ယနေ့အထိ ဒါရိုက်တာအစည်းအဝေး (၇)ကြိမ် ကျင်းပနိုင်ခဲ့ပါသည်။



### Committee Meeting

Board committee meetings so far were held seven times during the year of 2015. Audit Committee held its meeting for three times, Remuneration Committee and Nomination Committee held two times each.

### ကော်မတီ အစည်းအဝေးများ ကျင်းပနိုင်မှု အခြေအနေ

အစီရင်ခံတင်ပြသည့်ကာလအတွင်းကော်မတီ (၃) ရပ်၏ အစည်းအဝေးကျင်းပနိုင်မှုမှာ စာရင်းစစ် ကော်မတီ အနေဖြင့် (၃) ကြိမ် နှင့် အခကြေးငွေ ကော်မတီ နှင့် အမည်တင်သွင်းရေး ကော်မတီတို့မှာ (၂) ကြိမ်စီ ကျင်းပ နိုင်ခဲ့ပါသည်။

### Executive Meeting

Executive directors hold the meeting weekly to discuss on the day to day operation of the company.

### အမှုဆောင် ဒါရိုက်တာ အစည်းအဝေး ကျင်းပနိုင်မှု အခြေအနေ

အမှုဆောင် ဒါရိုက်တာအဖွဲ့ အနေဖြင့် နေ့စဉ်လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို သုံးသပ်နိုင်ရန် အတွက် အပတ်စဉ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျင်းပ ပြုလုပ်ခဲ့ပါသည်။





### AGM Meeting

Our first ever AGM was held on 1 November, 2014 at Thuwana Stadium. There were about 4000 shareholders who attended the meeting. We have appointed two Independent Directors, Dr. Aung Tun Thet and U Tin Htut Oo to promote the Good Corporate Governance and also to stand for the interest of minority shareholders.






### ပထမအကြိမ်နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပခြင်း

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် လီမိတက်သည် ပထမအကြိမ် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးကို (၁.၁၁.၂၀၁၄) ရက်နေ့တွင် အမျိုးသား အားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏတွင် ကျင်းပပြုလုပ်ခဲ့ရာ အစုရှယ်ယာရှင်ပေါင်း (၄၀၀၀) ကျော် တက်ရောက်ခဲ့ကြပါသည်။ ယင်းအထွေထွေ အစည်းအဝေးကြီးတွင် Good Corporate Governance ကိုအကောင်အထည်ဖော်ဆောင် ရွက်ရန်နှင့် ရှယ်ယာအနည်းစု ပိုင်ဆိုင်သူများ၏ အကျိုးစီးပွားကို စောင့်ရှောက်ရန် အတွက် အစုရှယ်ယာပိုင်ဆိုင်ရန် မလိုသည့် လွတ်လပ်သော ဒါရိုက်တာ (Independent Director) (၂) ဦးကို ခန့်အပ်ခဲ့ပါသည်။



**To List on Yangon Stock Exchange**

We are pleased to inform our shareholders that the Board Resolution has been passed to list on Yangon Stock Exchange (YSX) on 14 September 2015. The Management has been proceeding with necessary processes according to listing criteria.

**ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီအဖြစ် မှတ်ပုံတင်ဆောင်ရွက်ခြင်း**

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် လီမိတက်သည် အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားကို အစဉ်ရှေးရှု၍ မကြာမီဖွင့်လှစ်တော့မည့် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီအဖြစ် မှတ်ပုံတင်ရန် ၂၀၁၅ခုနှစ်၊ စက်တင်ဘာလ (၁၄)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒါရိုက်တာအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၆/၂၀၁၅) ၌ ဆုံးဖြတ်ခဲ့ပြီး ဆက်လက်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီအဖြစ် မှတ်ပုံတင်ပြီးပါက အစုရှယ်ယာရှင်များနှင့် အများပြည်သူတို့အနေဖြင့် အဆင်ပြေချောမွေ့စွာ ဈေးကွက်အမှန်ပေါက်ဈေးအတိုင်း ရောင်းဝယ်နိုင်မည် ဖြစ်ပါသည်။

**Dividend**

A final dividend at the rate of 20% of par value, per share has been proposed as per a resolution made at the Board of Directors Meeting of the Company held on 24 November 2015.

**အမြတ်ဝေစုခွဲဝေခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၂၄) ရက်နေ့၌ ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့အစည်းဝေး (၈/၂၀၁၅) တွင် အစုရှယ်ယာတစ်စုလျှင် မူရင်းအစုရှယ်ယာတန်ဖိုး၏ (၂၀) ရာခိုင်နှုန်းကို အမြတ်ဝေစုအဖြစ် ခွဲဝေပေးရန်အတွက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကြီးသို့ အဆိုပြုတင်သွင်းရန် ဆုံးဖြတ်ခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာသည့် အစုရှယ်ယာရှင်များ အတည်ပြုပါက အဆိုပါ အမြတ်ဝေစုကို ခွဲဝေသွားမည်ဖြစ်ပါသည်။

**Shareholders Statistics (up to 06/11/2015)**

Number of Issued and Fully Paid-Up Shares : 3,892,915

Class of Shares : Ordinary Shares

Voting Rights : One vote per share

| Range of Shares | No. of Shareholders | % | No. of Share | % |
|---|---|---|---|---|
| 1-100 | 13,565 | 81.13 | 437,162 | 11.23 |
| 101-200 | 952 | 5.69 | 170,186 | 4.37 |
| 201-300 | 544 | 3.25 | 151,972 | 3.90 |
| 301-400 | 102 | 0.61 | 38,755 | 1.00 |
| 401-500 | 551 | 3.30 | 274,479 | 7.05 |
| 501-600 | 859 | 5.14 | 450,202 | 11.56 |
| 601-700 | 44 | 0.26 | 29,114 | 0.75 |
| 701-800 | 12 | 0.07 | 9,176 | 0.24 |
| 801-900 | 4 | 0.02 | 3,444 | 0.09 |
| 901-1000 | 5 | 0.03 | 4,926 | 0.13 |
| 1001-10000 | 57 | 0.34 | 151,636 | 3.90 |
| 10001-100000 | 16 | 0.10 | 416,863 | 10.71 |
| 100001 and above | 9 | 0.05 | 1,755,000 | 45.08 |
| Total | 16,720 | 100% | 3,892,915 | 100% |



**Director Declaration of Interest**

## Directors' interests in shares

(a) According to the register of directors' shareholdings, none of the directors holding office at the end of the financial year had any interest in the shares of the Company or its related corporations, except as follows

| | Holdings registered in name of director | | Holdings in which director is deemed to have an interest | |
|---|---|---|---|---|
| | At 31.3.2015 | At 1.4.2014 | At 31.3.2015 | At 1.4.2014 |
| The Company | | | | |
| Number of ordinary shares | | | | |
| **U Win Aung** | 25,634 | - | 220,750 | 195,000 |
| **U Tun Lwin** | 52,385 | - | 197,101 | 195,000 |
| **U Thein Han** | - | - | 195,000 | 195,000 |
| **U Theim Wai** | - | - | 195,000 | 195,000 |
| **U Nyi Khin** | - | - | 195,000 | 195,000 |
| **U Nyan Thit Hlaing** | - | - | 195,516 | 195,000 |
| **U Khin Maung Aye** | - | - | 198,336 | 195,000 |
| **U Aung Soe Tha** | - | - | 195,000 | 195,000 |
| **U Tin Maung Hlaing** | - | - | 195,610 | 195,000 |
| **U Tun Tun** | - | - | - | - |
| **U Aye Win** | 1,102 | - | - | - |
| **U Myint Zaw** | 1,121 | - | - | - |
| **U Thurane Aung** | 49,354 | - | 14,315 | - |
| **U Aung Win** | 551 | - | 551 | - |

**Director Remuneration for Financial Year 2014-2015**

## Disclosure on Key Executives' Remuneration

The level and mix of each of the senior management remuneration , for the financial year ended 31 March 2015 are set out below

| Office Held | Salary (Ks) | Other Allowances (Ks) | Total (Ks) |
|---|---|---|---|
| Chairman, MJTD (Note 1) | 36,972,000 | 24,648,000 | 61,620,000 |
| Vice President, MJTD (Note 1) | 33,274,800 | 18,486,000 | 51,760,800 |
| Admin and HR Director | 33,274,800 | 18,486,000 | 51,760,800 |
| Chief Financial Officer | 30,810,000 | 15,405,000 | 46,215,000 |
| Chief Financial Officer, MJTD (Note 1) | 30,810,000 | 15,405,000 | 46,215,000 |
| Project Director (Note 2) | 15,832,916 | 7,702,500 | 23,535,416 |
| Marketing Director | 30,810,000 | 15,405,000 | 46,215,000 |
| Total | | | 327,322,016 |

Note

1. MJTD is Myanmar Japan Thilawa Development Ltd, which the company holds 41% interest. The salary of the officers are paid by the Company.
2. The remuneration is covered under Director's Remuneration.




# CORPORATE SOCIAL RESPONSIBILITY

“ မိမိတို့နှင့် ဆက်စပ်ပတ်သက်နေသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း အသီးသီးတို့၏ လူမှုဝန်းကျင်နှင့် သဘာဝဝန်းကျင် အခြေအနေတို့ ထိခိုက်နိုင်မှုကို ကာကွယ်ရန် အဓိက ဦးတည်ထားပါသည်။ နိုင်ငံတော်အစိုးရ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်သူများနှင့် မိမိတို့ကုမ္ပဏီအပါအဝင် လူထု၊ လူတန်းစားအလွှာ အသီးသီးတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူမှုကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ”






## Corporate Social Responsibility

The main purpose of our company is not only to focus on the Commercial Benefit but also to bring Social Benefit to the Community. We consider CSR to be only one aspect of a comprehensive multi-stakeholder effort to improve environmental and social conditions and prevent harm. The complementary actions of all sectors of society - governments, non-governmental organizations, citizens and others - are also necessary. Our CSR mission cannot be fully "achieved" by one-time activity and decision. MTSH will approach CSR as a process of continual improvement, being constantly alert to new issues and considerations.

## လူမှုပတ်ဝန်းကျင်ဆိုင်ရာတာဝန်ယူမှု

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်၏ လူမှုပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူမှုသည် မိမိတို့နှင့် ဆက်စပ်ပတ်သက်နေသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း အသီးသီးတို့၏ လူမှုဝန်းကျင်နှင့် သဘာဝဝန်းကျင် အခြေအနေတို့ ထိခိုက်နိုင်မှုကို ကာကွယ်ရန် အဓိက ဦးတည်ထားပါသည်။ နိုင်ငံတော်အစိုးရ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်သူများနှင့် မိမိတို့ကုမ္ပဏီအပါအဝင်၊ လူထုလူတန်းစား အလွှာအသီးသီးတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူမှုကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။






## United Nations Global Compact

We are pleased to let our shareholders know that we have become a member of United Nations Global Compact. UN Global Compact which is the largest Corporate Social Responsibility Initiative in the world that focuses on the areas of Human Rights, Labor, Environment and Anti-corruption. We will encourage all stakeholders to work together for a better, present and future society.

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် လီမိတက်သည် တာဝန်သိသော စီးပွားရေး အဖွဲ့အစည်း တစ်ခုအနေဖြင့် United Nations Global Compact သို့ အဖွဲ့ဝင်တစ်ဦးအဖြစ် ဝင်ရောက်ထားပါသည်။ UN Global Compact သည် လူမှုဝန်းကျင်ဆိုင်ရာ တာဝန်ယူမှုကို စီးပွားရေး အဖွဲ့အစည်းများမှ ခံယူကျင့်သုံးနိုင်ရန်အတွက် ဦးဆောင်လမ်းပြပေးနေသည့် ကုလသမဂ္ဂ အဖွဲ့အစည်း ဖြစ်ပါသည်။

## Support to Flood Affected Area

Our Country suffered severe flooding from July to September. As a responsible Company, both our JV Company and MTSH donated funds to Flood Affected Area in July through the Union of Myanmar Federation of Chamber of Commerce and Industry.



## Development of Human Resource

We strongly believe that development of Human Resource is the true prosperity not only for the Company but also for the Community. We had held several seminars for both our Employees and the Community. The most recent seminar that we held was Promoting Responsible Business Conduct by our Independent Director, Dr. Aung Tun Thet. It was significant and outstanding among the seminars which we had held so far.

## လူ့အရင်းအမြစ် ဖွံ့ဖြိုးရေး စီမံဆောင်ရွက်ပေးခြင်း

သိသာထင်ရှားသော ဆောင်ရွက်မှု တစ်ခုဖြစ်သည့် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၂၇) ရက်နေ့တွင် ကုန်သည်/စက်မှု အသင်းချုပ်၌ Gateway to Good Corporate Governance Seminar ကျင်းပပြုလုပ် ခဲ့ရာတွင် ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်က "Promoting Responsible Business Conduct" ခေါင်းစဉ်ဖြင့် ဆွေးနွေး ဟောပြောခဲ့ပြီး မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် လီမိတက် အပါအဝင် အများပိုင်ကုမ္ပဏီများမှ အကြီးတန်း ဝန်ထမ်းများ အများအပြား တက်ရောက် ခဲ့ပါသည်။

## Community Contribution

MTSH recognizes the important of coexisting with the community by promoting various social contribution activities. Among them the outstanding community contribution activity took place in October 2015 at Thabarwa Center, Thanlyin Township. Our Employees participated on a voluntary service to local community and not less than 90 percent of our employee had been involved in this activity.

## လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

၂၀၁၅ခုနှစ်၊ အောက်တိုဘာလ (၂၄)ရက်နေ့တွင် မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် လီမိတက်မှ ဝန်ထမ်းများသည် ကုမ္ပဏီအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်စီမံမှုဖြင့် သန်လျင်မြို့ သဘာဝ တရားရိပ်သာသို့ သွားရောက်ပြီး သက်ကြီး ရွယ်အိုများ၊ နာမကျန်း ဖြစ်သူများ နှင့် ဆင်းရဲနွမ်းပါး ချို့တဲ့သူများကို လူမှုအသုံးအဆောင်ပစ္စည်းများ ပေးအပ် လှူဒါန်းမှုများ ပြုလုပ်ခဲ့ပြီး၊ အနီးပတ်ဝန်းကျင်တွင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ သက်ကြီးရွယ်အိုများနှင့် နာမကျန်း ဖြစ်နေသူများအား လိုအပ်သည့် ကူညီစောင့်ရှောက်မှုများ ပြုလုပ်ပေးခြင်း၊ လူဦးရေ (၂၀၀၀) ဝန်းကျင်အား နေ့လည်စာ ကျွေးမွေးခြင်းများကို ဆောင်ရွက်ပေးခဲ့ပါသည်။

## MJTD's CSR Activities

MJTD has several activities that are beneficial for the society such as neighboring students support program that allow students to continue their study and also provide the necessary supporting includes stationary for hundreds of students, donation of "Agga Dhamma" assembly hall to the Monastery. MJTD held several job seminars and knowledge sharing program for not only Project Affected People (PAP) but also for local community, as well as give priority to PAP for employment opportunity and provide necessary vocational training. MJTD also becomes a member of UN Global Compact.

သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းကြောင့် ပြောင်းရွှေ့ သွားရသည့် ပတ်ဝန်းကျင် ကျေးရွာများမှ ပြည်သူများကို ပညာသင် ထောက်ပံ့ကြေးများ ပေးအပ်ခြင်း၊ ကျောင်းသုံး စာရေးကရိယာများ ပေးအပ် လှူဒါန်းခြင်း၊ စီမံကိန်း လုပ်ငန်းခွင်အတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရန် ဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းခွင် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းများ နှင့် စီမံကိန်း လုပ်ငန်းခွင် အနီးရှိ ဘုန်းတော်ကြီး ကျောင်းတွင် အဆောက်အဦး ဆောက်လုပ် လှူဒါန်းခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။ UN Global Compact တွင်လည်း အဖွဲ့ဝင်အဖြစ် ဝင်ရောက်ထားပါသည်။





# REVIEW OF OPERATION

## Investment in Thilawa SEZ Development

**MJTD**

Myanmar Japan Thilawa Development Limited (MJTD) was established on 10 January, 2014 for the purpose of Operating and Development of Thilawa Special Economic Zone- Zone A which is the first SEZ in Myanmar and a monumental project strongly supported by Myanmar and Japan Government. Myanmar Government appointed to 2,400ha of land in Thilawa as the Special Economic Zone area.




**Development Progress**

Thilawa SEZ Zone A Phase 1 was successfully completed and opening ceremony was held on 23rd September. Thilawa SEZ Zone A Phase 2 is also being concurrently constructed and due to be completed by mid of 2016. Demand for industrial land in the Thilawa SEZ has been very strong due to the quality infrastructure and efforts of good and efficient marketing. Since the beginning of Thilawa SEZ Zone A project up to November 2015, MJTD manage to sign reservation agreements with 52 companies for 239 HA. Out of which 15 companies have started construction and 2 companies have started its operations in the Thilawa SEZ Zone A Phase 1. Due the tremendous success of Thilawa SEZ Zone A and almost lease out of industrial land in Zone A, all of MJTD shareholders agree and have sign an MOU on 23rd September during the Zone A opening ceremony to further develop additional 700 HA called Thilawa SEZ Zone B. Thilawa SEZ Zone B development is in land selection, Environmental Impact Assessment study and design has been carried out.

**Market Trend of Industrial Estate inside Thilawa SEZ**

The Thilawa Special Economic Zone has total of 2400 Hectares located in 23 Kilometers South East of Yangon City. The Development is currently focusing on the Zone 'A' which consists of 396 Hectares and 74% of them have been lease out. There are all together 52 Companies that has signed for the Reservation Agreement which include the investor from 13 different countries namely Japan,





Thailand, Myanmar, Taiwan, Singapore, Malaysia, United State, China, Sweden, Hong Kong, Australia, South Korea and Vietnam. Within those 52 Companies 42 of them has been awarded the Investment Permit from Thilawa Special Economic Zone Management Committee. Among those 42 Companies that have obtained the Investment Permit 39 of them have been successfully sign the Land Sub-Lease Agreement with MJTD. There are 15 Companies that are in progress of the factory construction and 2 of them has started the commercial operation.

Within the Special Economic Zone, there are two different zones namely Free Zone and Promotion Zone. Type of businesses that invest in the Free Zone area are Garment, Shoes, Toys, Automotive Parts, Electronic Devices, Wheelchair, Wood Craft, etc. Promotion Zone includes Construction Materials, Food Product, Aluminum Product, Lubricant Oil, Customer Products, Plastic Products, Medicine, Industrial Machinery, and Corrugated Cardboard and so on.



**MJTD**

မြန်မာဂျပန်သီလဝါဒီဗလော့မန့်လီမိတက်ကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် သီလဝါ အထူးစီးပွားရေးဇုန် (အပိုင်း က) ကို ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော်ရန် ဖွဲ့စည်းခဲ့ပါသည်။ သီလဝါ အထူးစီးပွားရေးဇုန် သည် မြန်မာ-ဂျပန်နှစ်နိုင်ငံ အစိုးရတို့၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံတွင် ပထမဆုံး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အထူးစီးပွားရေးဇုန်ကြီးဖြစ်ပါသည်။ မြန်မာနိုင်ငံတော် အစိုးရမှ အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အဘက်ဘက်မှ လိုအပ်သည်များကို ပံ့ပိုး ကူညီ ထောက်ပံ့ပေးလျက်ရှိပါသည်။

## သီလဝါအထူးစီးပွားရေးဇုန်တည်ဆောက်ရေးလုပ်ငန်း တိုးတက်မှုအခြေအနေ

သီလဝါအထူးစီးပွားရေးဇုန်အပိုင်း(က)ကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၂၃)ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်ခဲ့ပါသည်။ အပိုင်း(ခ) စီမံကိန်းကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး၊ ၂၀၁၆ ခုနှစ်၊ နှစ်လယ်ပိုင်းတွင် ပြီးစီးမည်ဟု သတ်မှတ်ထားပါသည်။ သီလဝါအထူးစီးပွားရေးဇုန်သည် စက်ရုံမြေနေရာလိုအပ်ချက်ဖြစ်သည့် အရည်အသွေးပြည့်မီသော အခြေခံအဆောက်အဦးနှင့် ကောင်းမွန်ထိရောက်သော ဈေးကွက်ဆိုင်ရာ သက်ရောက်မှုများကြောင့် ပို၍ခိုင်မာတောင့်တင်းလာပါသည်။ သီလဝါ အထူးစီးပွားရေးဇုန် အပိုင်း(က) စီမံကိန်း အစမှ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလတိုင်အောင် မြေဧရိယာ (၂၃၉) ဟက်တာတွင် ကုမ္ပဏီပေါင်း (၅၂)ခုနှင့် ပထမအဆင့်သဘောတူညီမှုစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ ယင်းအနက် ကုမ္ပဏီ (၁၅)ခုသည် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကုမ္ပဏီ(၂)ခုသည် လုပ်ငန်းလည်ပတ်လုပ်ကိုင်နေပြီဖြစ်ပါသည်။ သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(က)၏ အံ့မခန်း အောင်မြင်မှု များကြောင့် အပိုင်း(က)တွင်ရှိသော စက်ရုံမြေနေရာအများစုမှာ ရောင်းချပြီး ဖြစ်ပါသည်။ ထို့ကြောင့် အပိုင်း(ခ) ၇၀၀ ဟက်တာကို အကောင်အထည်ဖော် တည်ဆောက်ရန် အတွက် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၂၃)ရက်နေ့တွင် နားလည်မှုစာချွန်လွှာ MOU သဘောတူ လက်မှတ်ရေး ထိုးခဲ့ပါသည်။





## သီလဝါအထူးစီးပွားရေးဇုန် စက်မှုမြေနေရာဈေးကွက်အခြေအနေ

သီလဝါအထူးစီးပွားရေးဇုန်သည် ဟက်တာစုစုပေါင်း ၂၄၀၀ ကျယ်ဝန်းပြီး ရန်ကုန်မြို့၏ အရှေ့တောင် ဘက်၂၃ ကီလိုမီတာ အကွာအဝေးတွင် တည်ရှိပါသည်။ လက်ရှိတွင် အထူးစီးပွားရေးဇုန်၏ အပိုင်း က ရှိ မြေဧရိယာ ၃၉၆ ဟက်တာအား အဓိကထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အကောင် အထည်ဖော်ဧရိယာ၏ ၇၄ ရာခိုင်နှုန်းကို ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမည့်သူများအား ငှားရမ်းထားပြီး ဖြစ်ပါသည်။ ကုမ္ပဏီပေါင်း ၅၂ ခုဖြင့် ပထမအဆင့်သဘောတူညီမှုစာချုပ်ကို ရေးထိုးပြီးဖြစ်ပါသည်။ ၎င်း သဘောတူစာချုပ်ရေးထိုးပြီးသော ၅၂ ကုမ္ပဏီများတွင် ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်ဝမ်နိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ဆွိဒင်နိုင်ငံ၊ ဟောင်ကောင်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံသူများပါဝင်ပါသည်။ ပထမအဆင့်သဘောတူညီမှုစာချုပ်ရေးထိုးပြီးသော ကုမ္ပဏီများအနက်မှ သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ ရင်းနှီးမြှုပ်နှံနိုင်ရန် ခွင့်ပြုချက်ကို ကုမ္ပဏီပေါင်း ၄၂ ကုမ္ပဏီအား ထုတ်ပေးပြီးဖြစ်ပါသည်။ ၎င်းရင်းနှီးမြှုပ်နှံခွင့်ရရှိပြီးသော ကုမ္ပဏီများအနက်မှ ၃၉ ကုမ္ပဏီသည် မိမိတို့နှင့် မြေငှားရမ်းစာချုပ် အား လက်မှတ်ရေးထိုးပြီး ဖြစ်ပါသည်။ ကုမ္ပဏီပေါင်း ၁၅ ခုမှ ၎င်းတို့၏ ဆောက်လုပ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီး ၎င်းကုမ္ပဏီများထဲမှ ၂ ကုမ္ပဏီသည် လုပ်ငန်းများစတင်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။
သီလဝါအထူးစီးပွားရေးဇုန်တွင် ကင်းလွတ်ဇုန်နှင့် လုပ်ငန်းမြှင့်တင်ရေးဇုန်ဟူ၍ ဇုန်များခွဲထားပြီး လက်ရှိတွင် အထည်ချုပ်လုပ်ငန်း၊ ဖိနပ်လုပ်ငန်း၊ အရုပ်လုပ်ငန်း၊ မော်တော်ကား အပိုပစ္စည်းထုတ်လုပ်သည့်လုပ်ငန်း၊ အီလက်ထရောနစ် ပစ္စည်းလုပ်ငန်း၊ လက်တွန်းလှည်းထုတ်လုပ်သည့် လုပ်ငန်း၊ သစ်သားပစ္စည်း ထုတ်လုပ်သည့်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်သည့်လုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ အလူမီနီယံလုပ်ငန်း၊ စက်ဆီချောဆီလုပ်ငန်း၊ လူ့အသုံးအဆောင်ပစ္စည်း ထုတ်လုပ်သည့်လုပ်ငန်း၊ ပလတ်စတစ်လုပ်ငန်း၊ ဆေးဝါးလုပ်ငန်း၊ စက်မှုလုပ်ငန်းသုံးစက်ကိရိယာများထုတ်လုပ်သည့်လုပ်ငန်း၊ စက္ကူဘူးများ ထုတ်လုပ်သည့်လုပ်ငန်း အစရှိသည့်လုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။










# PROPERTY DEVELOPMENT



MTSH has created a subsidiary company called Thilawa Property Development Limited (TPD) to develop the Residential and Commercial Section of Thilawa SEZ (Zone A) with a registration number of 6106 / 2014-2015 on 19 March 2015. This company is a Joint Venture between MTSH and Thilawa SEZ Management Committee Company Limited (TSMCC). MTSH holds 80% of Shares and TSMCC holds 20%. Total paid up capital is 30 billion kyats with MTSH investing 24 billion kyats and TSMCC investing 6 billion kyats. To invest in the residential and commercial development by TPD, SEZ Investment license was obtained on 21 July 2015.





Since the establishment of TPD, new management team has been created led by Managing Director U Tun Lwin who is also a Director in the MTSH Board of Director. To closely oversee the development two Executive Project Director was also assign from MTSH. Project Director (Administrative), Dr Nyan Thit Hlaing who is also on the BOD of MTSH and Project Director (Technical) is U Thurane Aung. Experience Engineers and supervisors are also recruited to build the International Standard Residential and Commercial Development that will support a more comprehensive development of Thilawa SEZ.





TPD has acquired 86 Acre (35 Hector) of prime land along the Thilawa Development Road, overlook the Thilawa Reservoir giving our master planners to create a Perfect and Green City. Preliminary construction was started on 26 April 2014. And have finished completed land grading for the entire 86 Acre (35 Hector). As a initial development we are prioritizing the workers dormitory which will support the comfortable living for workers and close vicinity to the factories in the Special Economic Zone. We are also starting the shophouses, office building and shopping mall construction to make way for commercial development of SEZ. This will bring migration of workforce and create demand for residential development which also has made plans for.

TPD will continue to complete the residential and commercial development with the same high standard of transparency and corporate governance as MTSH public company status although it is a Private Limited Joint Venture Company. TPD has called open and international standard tenders for the follows projects and awarded contractors on accountable evaluation on quality and price:

Workers Accommodation tender was announce on 3 November 2014. Among 11 tenders, 3 companies were selected Super Home Co. Ltd., MyintMyat Thu Co. Ltd., and Dagon Construction Co. Ltd.,

Road, Platform and drain tender were announced on March 2015. 2 companies were selected Zaw Htet Paing Co. Ltd., and Myint Myat Thu Co. Ltd.,

Sewage Treatment Plant tender was announce on 21 July 2015. Among those 8 bidders, Tesco Myanmar Co Ltd. was awarded.







သီလဝါ ပရောပါတီး ဒတ်ဗလော့မင့် လီမိတက်သည် ကုမ္ပဏီမှတ်ပုံတင်လက်မှတ် အမှတ် (၆၁၀၆/၂၀၁၄-၂၀၁၅) ဖြင့် ၂၀၁၅ ခုနှစ်၊ မတ်လ (၁၉) ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ သီလဝါ အထူးစီးပွားရေးဇုန် (ဇုန် - အေ)တွင် လူနေအိမ်ယာနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံများကို အကောင်အထည်ဖော် တည်ဆောက်ရန်အတွက် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး၊ မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်၏ ကုမ္ပဏီခွဲတစ်ခုဖြစ်ပါသည်။ သီလဝါ ပရောပါတီး ဒတ်ပလော့မင့် လီမိတက်သည် မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်နှင့် သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ လီမိတက်တို့ ဖက်စပ်တည်ထောင်ထားပြီး၊ ခွင့်ပြုမတည် ရင်းနှီးငွေမှာ ကျပ်ဘီလီယမ် (၃၀)ဖြစ်ပါသည်။ မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် လီမိတက်မှ (၈၀)ရာခိုင်နှုန်းနှင့်ညီမျှသည့် ကျပ်(၂၄)ဘီလီယမ်နှင့် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီ ကုမ္ပဏီလီမိတက်မှ (၂၀)ရာခိုင်နှုန်းနှင့်ညီမျှသည့် ကျပ်(၆)ဘီလီယမ် ထည့်ဝင်မည် ဖြစ်ပါ သည်။ သီလဝါ ပရောပါတီး ဒတ်ပလော့မင့် လီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာသည် ဦးထွန်းလွင် ဖြစ်ပြီး၊ မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်၏ ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးလည်း ဖြစ်ပါ သည်။

လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်မှ အမှုဆောင်ဒါရိုက်တာ (၂)ဦး ဖြစ်ကြသည့် ဦးဉာဏ်သစ်လှိုင် Project Director (Administration) နှင့် ဦးသူရိန်အောင် Project Director (Technical) တို့မှ တာဝန်ယူဆောင်ရွက်မည်ပါသည်။ သီလဝါအထူးစီးပွားရေးဇုန်၏ ပြီးပြည့်စုံသော တိုးတက်မှုကို အထောက်အပံ့ပေးနိုင်ရန် နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီသော လူနေအိမ်ရာ နှင့် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန်အတွက် အတွေ့အကြုံရှိသည့် အင်ဂျင်နီယာများနှင့် ကြီးကြပ်သူများကို ခန့်အပ်ထားရှိပါသည်။





သီလဝါ ပရောပါတီး ဒတ်ပလော့မင့် လီမိတက်သည် သီလဝါဖွံ့ဖြိုးရေးဇုန်အတွင်း၊ လမ်းမကြီးတလျှောက်ရှိ မြေဧရိယာ(၈၆)ဧက ဟက်တာအားဖြင့်(၃၅) ဟက်တာကို ရယူထားပြီး၊ အထူးစီမံကိန်းအစီအစဉ်အတိုင်း အစိမ်းရောင် မြို့ပြတစ်ခုအဖြစ် တည်ဆောက် အကောင်အထည်ဖော်မည်ဖြစ်ပါသည်။ တည်ဆောက်ရေး လုပ်ငန်းများကို ၂၀၁၄ ခုနှစ်၊ ဧပြီလ (၂၆) ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး၊ မြေသားဖို့ခြင်း လုပ်ငန်းများ ပြီးစီးနေပြီဖြစ်ပါသည်။ ကနဦးအကောင်အထည်ဖော်မှုအဖြစ် အထူးစီးပွားရေးဇုန်ရှိ လုပ်သား များ သက်တောင့်သက်သာ နေထိုင်နိုင်ရန်နှင့် အနီးပတ်ဝန်းကျင် စက်ရုံများမှ လုပ်သားများ နေထိုင်နိုင်ရန် လုပ်သားအိမ်ယာများကို ဦးစားပေးအစီအစဉ်ချမှတ်ပြီး၊ တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက် လျက် ရှိပါသည်။ ထို့အတူစီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန် ဆိုင်ခန်းများ၊ ရုံးအဆောက်အဦးများ၊ ဈေးဝယ်စင်တာများကိုလည်း စတင်တည်ဆောက်နေပြီဖြစ်ပါသည်။ ယခုဆောင်ရွက်ချက်များသည် လူနေမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၏ လိုအပ်ချက်အရ ရွှေ့ပြောင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ သီလဝါ ပရောပါတီး ဒတ်ပလော့မင့် လီမိတက် သည် ကိုယ်ပိုင် ဖက်စပ်ကုမ္ပဏီဖြစ်သော်လည်း မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် လီမိတက်၏ ပြယုဂ်တစ်ခုအဖြစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများနှင့်တူညီသော စံနှုန်း၊ ပွင့်လင်း မြင်သာမှုနှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုစနစ်တို့ဖြင့် လူနေမှုနှင့် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ဆက်လက်လုပ်ဆောင်မည်ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံတကာ စံချိန်းစံညွှန်း အတိုင်း ပွင့်လင်း မြင်သာစွာ တင်ဒါ ခေါ်ယူပြီး၊ အရည်အသွေးနှင့်ဈေးနှုန်းကို တွက်ချက် တန်ဖိုးဖြတ်၍ စာချုပ်ချုပ်ဆိုပြီး၊ စီမံကိန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။ လုပ်သားအိမ်ယာများ တည်ဆောက်ရန်အတွက် တင်ဒါခေါ်ယူခြင်းကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၃)ရက်နေ့တွင် စတင်ကြေငြာခဲ့ပြီး၊ လာရောက်လျှောက် ထားသည့် ဆောက်လုပ်ရေး ကုမ္ပဏီများ အနက်မှ Super Home Co., Ltd၊ မြင့်မြတ်သူကုမ္ပဏီလီမိတက်နှင့် Dagon International Co., Ltd တို့အား ရွေးချယ်ခဲ့ပါသည်။ လမ်း၊ ရေမြောင်း၊ ပလက်ဖောင်းလုပ်ငန်းများကိုလည်း တင်ဒါ ခေါ်ယူခဲ့ပြီး၊ ဇော်ထက်ပိုင်နှင့် မြင့်မြတ်သူကုမ္ပဏီလီမိတက် တို့အား ရွေးချယ်ခဲ့ပါသည်။ ရေဆိုးသန့်စင်ခြင်း လုပ်ငန်းအတွက် တင်ဒါကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၂၁) ရက် နေ့တွင် ကြေငြာခဲ့ရာ၊ ကုမ္ပဏီ (၈)ခု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး၊ ယင်းတို့အနက် Tesco Myanmar Co., Ltd အား ရွေးချယ်ခဲ့ပါသည်။